www.burmeseclassic.com

# တာဝရာမင်း ၆၀

## ကျွန်တော်နှင့် အရှုပ်မြို့တော်

လုံးချင်းဝတ္ထုသစ်




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၄၆၂/၉၉(၅)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၆၇၃/၉၉(၁၀)
**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ ၂၀၀၀ မတ်လ
**အုပ်ရေ** (၅၀၀)
**တန်ဖိုး** (၃၀) ကျပ်
**ထုတ်ဝေသူ**
ဒေါ်ရွှေအိမ်
တိုင်းလင်းစာပေ
အမှတ် ၈/၉၅၊ အုပ်စု (၃)၊ အောင်သိဒ္ဓိလမ်း၊
စော်ဘွားကြီးကုန်း၊ အင်းစိန်။
**အတွင်းပုံနှိပ်သူ**
ဦးအောင်ခိုင်
အောင်သစ္စာပုံနှိပ်တိုက်
အမှတ် (၅၇၆)၊ ပန္တျာမြိုးလမ်း၊ ရန်ကုန်။
**မျက်နှာဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် (၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်။
**မျက်နှာဖုံးပန်းချီ** - စိုးဝင်းငြိမ်း
**အတွင်းစာစီ** - ရွှေစမ်းချောင်းကွန်ပျူတာ



# ပျပုပမင်းမယ်



ကျွန်တော်နှင့်အရုပ်ကြိုးတော်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှတိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

# တာရာမင်းဝေ

# ကျွန်တော်နှင့်အရုပ်မြို့တော်

# ကြောင်နှစ်ကောင်တာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဟိုရှေ့ကလူတွေ ရုံးစု ရုံးစုနဲ့။

ကျွန်တော်သွားမယ့် လမ်းတူရှမှာ

သူတို့တွေ လူးလွန့်စီးဆင်းနေကြတာပါ။

ခေတ်ကြီးကလည်း မြန်ဆန်နေပြီ။

"ဟိုရှေ့က ဆူဆူညံညံ၊ ဘာသံလဲမေး" ရတဲ့ခေတ် မဟုတ်တော့ဘူး။

ကိုယ်တိုင်ထသွားပြီး ကြည့်တဲ့ခေတ်။

ဝေဖန်စရာရှိရင် ကိုယ်ထူကိုယ်ထ ဝေဖန်ကြတဲ့ခေတ် ဖြစ်နေပြီ။

ကျွန်တော်လည်း လမ်းဆက်လျှောက်ရင်း အဲဒီလူအုပ်ရှေ့ အရောက်မှာ

www.burmeseclassic.com

www.burmeseclassic.com

သူတို့ထဲကို တိုးဝှေ့ဝင်ရောက်လိုက်ပါတယ်။

ဘာများလဲလို့…

လက်စသပ်တော့ ပန်းချီ၊ ပန်းပု ပြပွဲတစ်ခု ဖြစ်နေတယ်။

အင်မတန်အဆင့်အတန်းမြင့်တဲ့ လက်ရာတွေပါ။

ဒါကြောင့်လည်း

လူတွေ ဒီလောက် အသည်းအမည်းကြည့်ရှုနေကြတာပါ။

ပန်းပုရုပ်တစ်ရုပ်ရှေ့မှာ လူတွေအုံနေတယ်။

အရင်တုန်းက…

ပန်းပုဆိုတာ ပန်းပင်ပုပုလေးတွေကို ပြောတာလား…လို့

ဇဝေဇဝါဖြစ်ဖူးတဲ့ လူတွေလည်း အဲဒီအထဲမှာ ပါနေတယ်။

ထားပါတော့…။

လက်ရာကောင်းတဲ့ ပန်းပုရုပ်မို့လို့


ကျွန်တော်လည်း သူတို့ထဲမှာ ပါဝင်ငေးမောနေရတယ်။

ပန်းပုရုပ်ရဲ့နာမည်က

**ဆိုခရေးတီး** တဲ့…။

ကြော်ငြာ နှစ် ကောင် စာ အုပ် တိုက်

BURMESE CLASSIC .com



CONSTANTIN BRANCUSI
Socrates. Wood

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ဝေဖန်သံတွေက ပန်းပုရုပ်ရှေ့မှာ ညံနေတယ်။

“ဆိုခရေးတီးဆိုတာ ဂရိက တွေးခေါ်ပညာရှင်ကြီး မဟုတ်လား...”

“ဟုတ်တယ်လေ...၊ အမှန်တရားအတွက် အဆိပ်ခွက်ကို မော့သောက်လိုက်တယ်ဆိုတာ သူပေါ့..”

“ဪ...အင်း၊ အဆိပ်က အတော်ပြင်းပုံ ရတယ်နော်...။ တစ်ခါတည်း လူပုံစံပျောက်ပြီး ဒီလိုပုံစံကြီး ဖြစ်သွားတယ်”

“အဲ...”

မဖြစ်တော့ဘူး...၊ အဲဒီရှေ့က ကျွန်တော် ခွာခဲ့ရတယ်။


နောက်တစ်နေရာမှာ

“ဗင်းနစ်မြို့ရဲ့ ညနေ”

ဆိုတဲ့ ပန်းချီကားတစ်ချပ်ကို တွေ့ရတယ်။

အတော်ဆွဲဆောင်မှုရှိတဲ့ ပန်းချီကားပါပဲ...။





EUGÈNE BERMAN
Evening in Venice, 1931

www.burmeseclassic.com

www.burmeseclassic.com

အောက်ကို ငုံ့ကြည့်နေတဲ့လူက ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့နေတဲ့ ပုံရတယ်။ ကျွန်တော်လည်း ငယ်ငယ်က အဲဒီလိုပဲ ကြည့်ဖူးတယ်။ ကျွန်တော် အဲဒီလိုငုံ့ကြည့်တာတွေကတော့ ငရဲပြည်ကို လိုက်ရှာတာပါ။ သူကကော ဘယ်လိုမျိုးများလဲ။

မနေနိုင်မထိုင်နိုင် ကျွန်တော်က လှမ်းဆွေးနွေးလိုက်တယ်။

"ဟေ့ ခင်ဗျား ဘာကိုကြည့်နေတာလဲ"

သူက ကျွန်တော့်ကို လှည့်မကြည့်ဘဲ ပြန်ဖြေတယ်။ ဖြေပုံကလည်း အကြမ်းဖျင်းဆန်လိုက်တာ။

"အောက်ကိုကြည့်နေတာ"





"အောက်က ဘာကိုကြည့်နေတာလဲ"

"ရေကိုကြည့်နေတာ"

"ရေထဲက ဘာကိုကြည့်တာလဲ"

"ရေထဲက ကိုယ့်အရိပ် ကိုယ်ပြန်ကြည့်နေတာ"

"ဟုတ်ပြီ…၊ ကိုယ့်ကိုယ်ကိုမှာ ခင်ဗျား ဘာကိုပြန်ကြည့်နေတာလဲ"

ဖြေသံပြန်မကြားရဘူး။ သူ့ဘက်က တိတ်ဆိတ်သွားတယ်။

လူဆိုတာ ကိုယ့်ကိုယ်ကို ပြန်ကြည့်တတ်ဖို့တို့၊ ကိုယ့်ကိုယ်ကို ပြန်မြင်တတ်ဖို့တို့ အရမ်းအရေးကြီးတယ်မဟုတ်လား။

အခု သူ့ကိုယ်သူ ပြန်ကြည့်နေပြီဖြစ်တဲ့ ပန်းချီကားထဲက လူကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လေးစားပါတယ်။ ဘာတွေ
ပြန်မြင်တယ် ဆိုတာကတော့ သူ့ဘာသာ
သူ အသိဆုံးပဲ နေမှာပေါ့။

သူ့အဖြေကို ကျွန်တော် စောင့်
မနေတော့ဘူး။ လှည့်ထွက်လာခဲ့တယ်။

နောက်ထပ် ဖန်းချီကား
တစ်ချပ်ရှေ့မှာတော့ လူ သိပ်မရှိပါဘူး။

အဖေက ကလေးကို ချီထားတယ်။
ဘယ်သွားမလို့လဲ မသိဘူး…။





BEN SHAHN
Father and child. 1946

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စပ်စုလိုက်တယ်။

"ခင်ဗျား ချီထားတာ ခင်ဗျားရဲ့ ကလေးလား"

"ဟုတ်တယ်"

ကျွန်တော်က သူ့ကို ရိုးရိုးမေးတာပါ။

သူက ဇဝေဇဝါဖြစ်ပြီးမှ တုံ့ဆိုင်းဆိုင်း ပြန်ဖြေတာ။

ကျွန်တော် ရယ်ချင်သွားတယ်။

"ခုလို ကလေးကို ပွေ့ချီထားတော့ ဖခင်တစ်ယောက်ရဲ့ဘဝကို ခင်ဗျား အပြည့်အဝခံစားရမှာပဲနော်"

"အင်း...ဟုတ်တယ်၊ ခံစားရတာပေါ့"

ပြတ်ပြတ်သားသားနဲ့ ဝံ့ဝံ့ကြွားကြွား သူ ပြန်ဖြေပါတယ်။





ပြီး... သူက တွေးတွေးဆဆဟန်နဲ့ ဆက်ပြောသေးတယ်။

"ဖခင်တစ်ယောက်ရဲ့ဘဝကို အပြည့်အဝ ခံစားရရုံတင် မဟုတ်ဘူး၊ သားတစ်ယောက်ရဲ့ ဘဝကိုပါ အပြည့်အဝ ပြန်ခံစားရတယ်ဗျ"

"ဘာဖြစ်လို့ပါလိမ့်..."

"ဩော်...ငါ ငယ်ငယ်ကလည်း ငါ့အဖေက ငါ့ကို ဒီလို ပွေ့ချီဖူးမှာပဲ။ အဖေ့ရင်ခွင်ထဲမှာ ငါ ဒီလိုလိုက်ခဲ့ဖူးမှာပဲလို့ တွေးမိရင်း ရင်ထဲမှာ တစ်မျိုးဖြစ်လာတယ်"

"ကောင်းလိုက်တာဗျာ"

ကျွန်တော် သဘောကျသွားတယ်။

သူ့လိုမျိုး ကိုယ်မတွေး ခဲ့မိဖူးဘူး။ ကိုယ့်မှာလည်း ကလေး မရှိဘူးလေ...။

ထားပါတော့...။

အဖေ့ကို ကျွန်တော် ပြန်သတိရလာတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း တစ်ချိန်က အဖေ့ရင်ခွင်ထဲမှာ ဒီလိုပဲ မှီတွယ်လိုက်ပါဖူးမှာပဲ။


ပြခန်းထဲမှာ ပန်းချီကားတွေ ပန်းပုရုပ်တွေက အများကြီးပဲ။ လူသူပရိသတ်ကလည်း အတော့်ကို စည်စည်ကားကားရှိတယ်။ လူတန်းစားအလွှာစုံက လာကြည့်တာမို့လည်း ထူးဆန်းသလို ဖြစ်နေတယ်။

တချို့ပန်းချီကားတွေ၊ ပန်းပုရုပ်တွေရှေ့မှာဆို စုအုံနေတဲ့ လူစုကို ကျွန်တော် တိုးမရဘူး။ အဲဒါကြောင့် မကြည့်ခဲ့ရတာတွေ ရှိတယ်။

ပန်းချီကားတစ်ချပ်ရှေ့မှာ ကျောင်းသားငယ်လေးနှစ်ယောက် ဘောင်းဘီတိုလေးတွေနဲ့ ပန်းချီကားကို ငေးကြည့်နေတယ်။ ပြီးတော့ သူတို့ ခံစားရသလို တစ်ယောက်တစ်ခွန်း ဝေဖန်ပြောဆိုနေတယ်။

ကျွန်တော် သူတို့နောက်မှာသွားရပ်ပြီး သူတို့ရှေ့က ပန်းချီကားကို လှေ့လာလိုက်တယ်။





CHARLES SMITH
Tall buildings, 1943

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားလေးနှစ်ယောက်က သူတို့အမြင်နဲ့ သူတို့ပေါ့လေ…။

“အိမ်အရှည်ကြီးကွ…နော်”


“အေး… လူအရှည်ကြီးနေတာ ဖြစ်မယ်”

“အင်း… သူနဲ့သာ ဂေါ်လီရိုက်ရရင် မလွယ်ဘူးနော်။ သူ တစ်ခါတစ်ခါ ဂေါ်လီကုန်းကောက်တာက အကြာကြီးနေမှာပဲ”

“အေးလေ… သူလည်း တော်တော်ခါးညောင်းမယ်”

အဲဒီပန်းချီကားရှေ့က ခွာလာပြီးနောက် ပန်းချီကားတစ်ချပ်ဆီ ကျွန်တော် ရောက်သွားတယ်။ ပန်းချီကားထဲမှာ ငါးတွေ။ ပထမတော့ သူတို့ ကူးခတ်နေတာကို ငေးကြည့်နေရုံပါပဲ။ နောက်မှ သူတို့နဲ့ စကားစမြည် ပြောဖြစ်တယ်။





PIERRE TAL COAT
Fish in a tank. 1946

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူတို့နဲ့ပြောတာက 'ပင်လယ်'အကြောင်းပါ။
"ခင်ဗျားတို့ ပင်လယ်ဆိုတာကို ကြားဖူးလား"

ငါးတစ်ကောင်က မျက်မှောင်ကြုတ်ပြီး ပြန်ဖြေတယ်။
"ကြားဖူးတာပေါ့၊ ဘာဖြစ်လို့ မကြားဘူးရမှာလဲ"

ခပ်လျှိုလျှိုပြုံးရင်း ကျွန်တော် ဆက်မေးလိုက်တယ်။
"ဒါဖြင့် ပြောပါဦး၊ ပင်လယ်ဆိုတာ ဘာလဲ"

"ပင်လယ်ဆိုတာ တို့ အခုကူးခတ်နေတဲ့ မှန်ပုံးပေါ့"

ကျွန်တော်က ခေါင်းခါလိုက်တယ်။
"မဟုတ်ဘူးဗျ၊ အမှန်တော့ ပင်လယ်ဆိုတာ…"





ကျွန်တော့်စကားမဆုံးသေးခင်မှာပဲ သူက ဖြတ်ပြောတယ်။

"ဒီမယ်ကိုယ့်လူ၊ ခင်ဗျားမှာ ခင်ဗျားပင်လယ်ရှိနိုင်တယ်။ အားလုံးဟာ ကိုယ့်ပင်လယ်နဲ့ကိုယ် ကူးခတ်နေကြသူတွေချည်းပဲ။ ကျွန်တော်တို့ကတော့ ဒီမှန်ပုံးကို ပင်လယ်လို့ သတ်မှတ်တယ်"

"သြော်…ဟုတ်…ဟုတ်ကဲ့"

သူတို့က ကျွန်တော့်ကို ဘာမှဆက်မပြောလို့ ကျွန်တော်လည်း ဘာမှထပ်ပြောမနေတော့ပါဘူး။
လှည့်အထွက်မှာ ရပ်ကွက်ထဲက လူတစ်ယောက်နဲ့ တွေ့ပါတယ်။
ပန်းချီကားတစ်ချပ်ရှေ့မှာ သူ ပြုံးစိပြုံးစိလုပ်နေတယ်။

"ဟေ့လူ၊ ဘာတွေပြုံးနေတာလဲ"

"ခွီး…ခွီး…၊ ငှက်တွေတော့ ကျကုန်ပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဒီပန်းချီကားထဲက ယောက်ျားကိုရော မိန်းမကိုရော ကျွန်တော် မနက်ကတင် ဆုံလိုက်တယ်"

"ဟုတ်လား"

"အင်း…ယောက်ျားနဲ့ အရင်ဆုံတာ"

"အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒီမှာကတည်းက အဲဒီလူ ငါ့ကို ပြောခဲ့တယ်။ အဲဒီ မိန်းမကိုပဲ ခပ်လှမ်းလှမ်းက လက်ညှိုးထိုးပြပြီးတော့ပေါ့"

"ဘာပြောတာလဲ"

"အဲဒီအမျိုးသမီးကို သူ လူမှားပြီး နှုတ်ဆက်မိတယ်တဲ့"

"ဟုတ်လား"

"ဟုတ်တယ်…၊ သူက သူ့ကျောင်းတုန်းက သူငယ်ချင်းမေရီ အောက်မေ့ပြီး နှုတ်ဆက်တာ။ ဟိုကလည်း သူ့ကို နှင်ဂျွန်မဟုတ်လား ဘာလားနဲ့ ပြန်နှုတ်





ဆက်တယ်တဲ့"

"အဲဒီတော့…"

"အမှန်တော့ အဲဒီအမျိုးသမီးက သူ့ သူငယ်ချင်းမေရီ မဟုတ်ဘူးဗျ"

သူပြောတာကို ကျွန်တော် ခုထက်ထိ နားမရှင်းသေးပါဘူး။ သူလိုမျိုး ပြုးစီပြုးစီဖြစ်စရာလည်း တစ်ကွက်မှ ရှာမတွေ့ဘူး။ သူပြောတာကိုပဲ ဆက်နားထောင်နေလိုက်တယ်။

"ခဏကြာတော့ ကျွန်တော်နဲ့ အဲဒီ အမျိုးသမီးနဲ့ ဆုံကြပြန်ရော…"

"အင်း…"

"သူကလည်း အဲဒီလူမမြင်အောင် မေးငေါ့ပြရင်း ကျွန်တော့်ကိုပြောတယ်…။ ခုနက သူ အဲဒီလူကို လူမှားပြီး နှုတ်ဆက်မိတယ်တဲ့…"

"အင်း…"

"သူကလည်း သူ့ကျောင်းနေဘက် သူငယ်ချင်း ဂျွန် အောက်မေ့လို့ နှုတ်ဆက်တာ။ ဟိုလူကလည်း မေရီ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com




လားလို့ ပြန်ပြောတယ်တဲ့…"

"အဲဒါ ဘာဖြစ်တုန်း"

"ဟီ…ဟီ၊ အခု သူတို့နှစ်ယောက် သွားဆုံနေကြပြန်ပြီ။ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုနှုတ်ဆက်ပြီး ဘာတွေပြောကြမလဲ မသိဘူး။ သူတို့ ကိုယ်စား ကျွန်တော်တောင် ကြားထဲက နေ အိုးတိုးအမ်းတမ်း ဖြစ်နေမိတယ် ခွီး…ခွီး…"





GUSTAV DE SMET
The meeting. 1931

www.burmeseclassic.com


www.burmeseclassic.com



သူ့စကားကြောင့် ကျွန်တော်လည်း အဲဒီပန်းချီကားကိုကြည့်ပြီး ပြုံးစိပြုံးစိ ဖြစ်လာရပါတော့တယ်။ သူတို့ကို ခဏကြာအောင် စောင့်ကြည့်အပြီးမှာ နံဘေးက ပန်းချီကားဆီ ကူးသွားလိုက်ပါတယ်။ အဲဒီပန်းချီကားကို ကြည့်ပြီး ကျွန်တော့်မှာ သဘောကလည်း ကျတယ်။ နှာခေါင်းပွတ်ပြီး တော့လည်း ပြုံးစိစိ ဆက်ဖြစ်ရပြန်တယ်။ ပန်းချီဆရာ တော်တော် စိတ်ကူးကောင်းတယ်။

•





. RENÉ MAGRITTE
The red model. 1935

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သေသေချာချာ စေ့စေ့ကြည့်ရှုအပြီးမှာ ကျွန်တော်က တရင်းတနှီးလေသံနဲ့ လှမ်းမေး လိုက်တယ်။

"ဟော့... ခင်ဗျားမှာ ဖုန်တွေများ ပေနေသလား"

"မပေဘဲ နေမလားဗျာ"

သူက ခပ်ပျော့ပျော့ ပြန်ဖြေပါတယ်။

"ခင်ဗျား သန့်သန့်ရှင်းရှင်းဖြစ်သွားအောင် ကျွန်တော် ကူညီမယ်ဆို လက်ခံမလား..."

"အိုး...သိပ်ကောင်းတာပေါ့ဗျာ"

"ဟုတ်ပြီ...၊ အဲဒါဆို ခင်ဗျားကို ကျွန်တော် ကူညီမယ်။ ဒါပေမယ့် တစ်ခုတော့ မေးရဦးမယ်"





"ဆို... ဘာများလဲ"

"ခင်ဗျား သန့်သန့်ရှင်းရှင်းဖြစ်သွားအောင် ကျွန်တော်က ခင်ဗျားကို ဖိနပ်တိုက်ဆေး ဝယ်ပေးရမှာလား...။ ဒါမှမဟုတ် ခြေသုတ်ပဝါ ဝယ်ပေးရမှာလား"


"အဲ..."

ဘာစကားမှ ပြန်မဖြေဘူး။ အဲလိုမေးလိုက်တာ ကျွန်တော့်အလွန် မဟုတ်ပါဘူး။ သူကိုယ်၌က လည်း ကပ်သီးကပ်သပ် ဖြစ်နေတာကိုး။ သူ့ဆီက ဘာဖြေသံမှ ထွက်မလာတဲ့အဆုံးမှာ ကျွန်တော် လည်း နောက်ပန်းချီကားဆီ ကူးလိုက်တယ်။ သူကကျတော့လည်း တစ်မျိုး...။



www.burmeseclassic.com

www.burmeseclassic.com



RENÉ MAGRITTE
La gravitation universelle. 1943



ကျွန်တော်က လှည့်ပတ်အကဲခတ်တော့ သူကပဲ ကျွန်တော့်ကို အရင် လှမ်းအော်တယ်။ သူ့လေသံက အောက်ကလိ အာကြီး…။

"မင်းကရော ငါ့ကို ဘာဝေဖန်ဦးမလို့လဲ"

"သြော်…အဟဲ၊ အကြောင်းအကျိုးနိယာမ (*Law of cause and effect*) ကို ပြေးသတိရမိလို့ပါ"

"ဘာလဲ"

"ဒီလိုပါ…၊ လူတစ်ယောက်ကို သုံးသပ်တဲ့အခါ သူပြုနေတဲ့ အကြောင်းတရားကိုကြည့်ပြီး သူ ဖြစ်လာမယ့် အကျိုးတရားကို မှန်းဆနိုင်တယ်။ ပြီးတော့…"

"ဆက်ပြော"

---

ကြောင် နှစ် ကောင် တ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"သူ ဖြစ်နေတဲ့ အကျိုးတရားကိုကြည့်ပြီး သူ လုပ်ခဲ့တဲ့ အကြောင်းတရားကိုလည်း မှန်းဆနိုင်တယ်"

"အေး… အဲဒါ ဘာဖြစ်လဲ"

"သြော်…ခင်ဗျားကိုကြည့်ပြီး ခင်ဗျားရဲ့ အကြောင်းအကျိုးကို ကျွန်တော် မဝေခွဲနိုင်လို့ပါ။ ခင်ဗျား ဘာဖြစ်နေတာလဲ၊ ဘယ်လို ဖြစ်နေတာလဲဆိုတာကို ကျွန်တော် မရှင်းဘူး။ ခင်ဗျားရဲ့အကြောင်းတရားက ဘာလဲ၊ အကျိုးတရားက ဘာလဲဆိုတာလဲ ကျွန်တော် ရှာမတွေ့ဘူး"

သူက ကျွန်တော့်ကို အောက်သိုးသိုး ပြန်ကြည့်တယ်။ ပြီး…

"ဟော့ကောင်"

"ဗျာ"





"မင်း… ဒီလောက် အကြောင်းအကျိုးရှာချင်ရင်"

"ဟုတ်ကဲ့"

"အရုပ်မြို့တော်ကို သွား"

"ဗျာ…"

"အရုပ်မြို့တော်ကို သွား…"

သူ့စကားကို ကျွန်တော်က သံယောင် လိုက် ရွတ်နေမိတယ်။ အဲဒီနေရာမှာပဲ ငြိမ်သက်စဉ်းစားနေမိတာ အတော်ကြာ တယ်။

'အရုပ်မြို့တော်… အရုပ်မြို့တော်'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



(၂)

"လိုက်မလား…"

"ဟင့်အင်း…"

ကျွန်တော်က အရပ်မြို့တော်ကို သွားချင်ပါတယ်၊ တစ်ယောက်တည်းသွားရမှာ ပျင်းလို့ အဖော်လိုက်ရှာမိပါတယ်။ ဒါပေမယ့် အားလုံးလိုလိုက ငြင်းတယ်။ တချို့က မအားလို့ငြင်းတာ၊ တချို့ကတော့ လိုက်ကို မလိုက်ချင်လို့ ငြင်းတာ…။

ဒါပေမယ့် တစ်နေ့မှာ ကျွန်တော်ဟာ အဖော်တစ်ယောက်ကို ရလိုက်ပါတယ်…။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မလား…"

"အင်း…လိုက်ခဲ့မယ်"

ကျွန်တော်နဲ့ ရင်းနှီးတဲ့ ပြဇာတ်ဒါရိုက်တာတစ်ယောက်ပါ။ ပြင်သစ်က ဇာတ်တစ်ထုတ်ကို စင်တင်ဖို့ ပြင်ဆင်နေရင်းကပဲ အလုပ်တွေ ပစ်ထားခဲ့ပြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါတယ်။ ကျွန်တော်တို့ အရုပ်မြို့တော်ဆီ ခရီးထွက်ခဲ့ကြတယ်။





၂

ကုန်းတစ်တန် ရေတစ်တန်နဲ့ ခရီးနှင်ကြပြီးတဲ့နောက်မှာ ကျွန်တော်တို့ဟာ အရုပ်မြို့တော်ဆီကို ချဉ်းကပ်မိကြပါတယ်။ အရုပ်မြို့တော်ဟာ ခန့်ညား ထည်ဝါတာနဲ့အမျှ စိုပြေတိတ်ဆိတ်မှုလည်း ရှိတယ်လို့ ခံစားရတယ်။

"မြို့တော်ကြီးက လှတယ်နော်…"



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေရဲ့စကားကို ကျွန်တော်က ထောက်ခံလိုက်တယ်။

"အင်း…ဟုတ်တယ်၊ တော်တော်လှတယ်"

"တိတ်ဆိတ်နေတာပါပဲလား…"

"အင်း…သူတို့ မအားကြဘူးထင်တယ်"

မိတ်ဆွေက ကျွန်တော့်ကို စူးစမ်းသလို လှည့်ကြည့်ပြီး… ဆက်မေးတယ်။

"ဘာ မအားတာလဲ…"

"သြော်…တချို့တွေက အလုပ်လုပ်နေကြမှာပေါ့၊ တချို့တွေကကျတော့ ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားနေမှာပေါ့"

ပြောရင်းဆိုရင်းနဲ့ပဲ မြင်ကွင်းတစ်ခုကို မြင်လိုက်ရပါတယ်။

•









www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာတွေ့လား..."

မိတ်ဆွေကလည်း မြင်ပါတယ်၊ ပြုံးတယ်...။

"အေး...မင်းပြောတာ ဟုတ်တယ်ကွ"

ကျွန်တော်တို့ မြို့ထဲကို ဆက်ဝင်လာခဲ့တယ်။
မိတ်ဆွေက ဘေးဘီဝန်းကျင်ကို စိတ်ဝင်တစားကြည့်လာတယ်။
ကျွန်တော်ကတော့ မြို့သူမြို့သားတွေကို
တွေ့ချင်ဇောကသာ များနေတယ်။
သူတို့နဲ့ စကားပြောချင်တယ်၊
သူတို့ကို လေ့လာသုံးသပ်ချင်တယ်။
အဲဒီလိုနဲ့ အဆောက်အဦးတစ်ခုရှေ့ ရောက်သွားတယ်။

"ဟော့ကောင်...ဟိုမှာ ဘာလုပ်နေတာလဲ မသိဘူး"
"အင်း...အနားသွားကြည့်ရအောင်"

လူတစ်ယောက်ပါ...။
အဆောက်အဦမှာရှိတဲ့ အမျိုးသမီးရုပ်တုတွေကို
ပြုပြင်မွမ်းမံနေတာ။
ဒါပေမယ့်...သူမွမ်းမံနေပုံက နှမြောစရာ ကောင်းတယ်။





ကျွန်တော်တို့ သူ့အနားကို ချဉ်းကပ်သွားကြပေမယ့်...
သူကတော့ လှည့်တောင် မကြည့်ပါဘူး၊
သူ့အလုပ်ကိုပဲ စိတ်ဝင်တစား ဆက်လုပ်နေတယ်။
မိတ်ဆွေက သူ့ကို...

"အဲဒါ...ခင်ဗျား ဘာလုပ်နေတာလဲ"
"ဩော်...ဂါဝန်တိုတိုလေးတွေ ဝတ်ပေးလိုက်တော့ ဒီရုပ်တုတွေ လှပ်ရှားလို့ လွယ်သွားတာပေါ့"

မိတ်ဆွေက လက်မခံပါ။ ခေါင်းကိုခါရင်း...

"ကျွန်တော်ကတော့ ခင်ဗျားလုပ်တာ လွဲနေတယ်လို့ ထင်တာပဲ"

အဲဒီလူက ပြုံးပြုံးကြီးမော့ကြည့်တယ်။
အေးအေးဆေးဆေး ဖြေတယ်။

"သဘောထား မညီညွတ်ကြတာတွေ အမြင်ကွဲလွဲကြတာတွေဟာ အဆန်းမဟုတ်ပါဘူးဗျာ၊ ဘဝဆိုတာ တိုတောင်းလွန်းပြီး အမှန်တရားကို ပြတ်ပြတ်သားသား မမြင်နိုင်ကြလို့ပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ…ဟုတ်ကဲ့…ဟုတ်ကဲ့"

မိတ်ဆွေက ကျွန်တော့်ကို လက်တို့ပါတယ်။
သူကပဲ ဦးဆောင်ပြီး ရှေ့ကနေ
ကုပ်ကုပ်ကလေး ထွက်ခွာပါတယ်။

"ဘာဖြစ်လို့လဲ…"

သူက ရှုံ့မဲ့ရှုံ့မဲ့နဲ့ ပြန်ဖြေတယ်။

"မလွယ်ဘူးကွ…၊ သူသုံးလိုက်တဲ့စကားက ငါစင်တင်မယ့် ကဇာတ်ထဲမှာ *Sigissmond* ပြောတဲ့စကား…"
"အဟက်…ဟား…"

ကျွန်တော် သဘောကျသွားပါတယ်။
အဲဒီလူကို လှည့်ကြည့်မိသေးတယ်။
သူကတော့ သူ့အလုပ်ကိုပဲ စိတ်ဝင်တစား ဆက်လုပ်နေတယ်။









www.burmeseclassic.com

www.burmeseclassic.com



ဆက်သွားကြတော့ တစ်နေရာ
မှာ မြင်းတစ်ကောင်နဲ့ လူ
နှစ်ယောက်ကို တွေ့ပါတယ်။
မြင်းက ပြိုင်မြင်းဖြစ်ဟန်တူပြီး
သူ့ကျောပေါ်မှာလည်း ဂျော်ကီ
တစ်ယောက် ပါပါတယ်။
သူတို့ရှေ့မှာ မြင်းပိုင်ရှင်လို့
ထင်ရသူရှိနေပြီး ဂျော်ကီကို
ဟိန်းဟောက်နေပါတယ်။
အဆူအပူခံနေရတဲ့ ဂျော်ကီ
ကတော့ မျက်လုံး ပေကလပ်
ပေကလပ်နဲ့ပေါ့။









www.burmeseclassic.com

www.burmeseclassic.com

မြင်းကတော့ အေးအေးဆေးဆေးပါပဲ…။ သူတို့နားကို ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာ မြင်းနဲ့ မြင်းပိုင်ရှင်နဲ့ စကား စမြည် ပြောနေကြပြီ။

မြင်းက နည်းနည်းလေလုံးထွားတယ်…။

ပြိုင်ပွဲတိုင်းမှာ ရှေ့ဆုံးက ပန်းဝင်နေကျမြင်းမျိုး ထင်ပါရဲ့။

"တကယ်တော့…ကျွန်တော်လဲ မြင်းထဲက မြင်းပါပဲဗျာ၊ ဘယ်မြင်းမဆို ပခုံးနှစ်ဘက်ကြားက ခေါင်းပေါက်ကြတာချည်းပါပဲ"

"အေး…ဟုတ်တယ်"

သူ့ပိုင်ရှင်ကလည်း သူ့ကို ရေလိုက်ငါးလိုက် ဆက်ဆံနေ တယ်။ မြင်းက ဆက်ပြောတယ်…။

**"အောင်မြင်ကျော်ကြားခြင်းဟာလည်း ပျက်စီး**

**ပြိုကွဲဦးမယ့် အကြောင်းတစ်ရပ်ပါ…၊ သက်သက်**

**အမြင်မှားစရာပါ…"**

သူ့စကားတွေကို ကျွန်တော်က အံ့သြနေတုံး ရှိသေးတယ်။ မိတ်ဆွေက လက်ခုပ်တီးခေါ်လို့ လိုက်ထွက်ခဲ့ရပြန်တယ်။

"ဘာလဲ…ကဇာတ်ထဲကစာလုံး ဖြစ်နေပြန်ပြီလား"

သူက မသက်မသာနဲ့ ခေါင်းညိတ်ပြပါတယ်။

"အေး…အစစ်ပေါ့ကွာ"





ကျွန်တော် ရယ်မိတယ်၊ ပြီး…

"ဒါတောင် အစပဲရှိသေးတယ်…"

"အေးလေ…အခုမှ မြို့အစရှိသေးတယ်"

ပြောပြီး သူလည်း လိုက်ရယ်ပါတယ်။ သတိတရလည်း မေးတယ်။

"မင်းမှာ…ဒီမြို့ရဲ့ လမ်းညွှန်မြေပုံ ပါတယ်ဆို"

"အင်း…ပါတယ်၊ ကြည့်မလို့လား…"

"အေး…ကြည့်ချင်တယ်၊ ဒီမြို့ရဲ့ အနုပညာကို ငါစိတ်ဝင် စားတယ်၊ အနုပညာရပ်ကွက်ဘက်ကို အရင်သွားချင်တယ်…"

"ဟုတ်ပြီ…၊ ကြည့်လိုက်ဦးမယ်"

လမ်းညွှန်မြေပုံကို ထုတ်ကြည့်ပြီး…

"ဒီဘက်လမ်းအတိုင်း ဝင်ရမယ်ဗျ"

အနုပညာရပ်ကွက်ဘက်ကို ဦးတည်ပြီး လျှောက်ခဲ့ကြပါ ရောတယ်။





www.burmeseclassic.com

www.burmeseclassic.com



(၃)

အနုပညာရပ်ကွက်ဘက်ကို ဝင်မိတယ်ဆိုရင်ပဲ…သဘော ကျစရာကောင်းတဲ့ မြင်ကွင်းတစ်ခုကို ကျွန်တော်တို့ တွေ့လိုက်ကြရ တယ်။

"ဟိုမှာကြည့်စမ်း…"

ကျွန်တော်က လှမ်းပြတယ်။ ဒါပေမယ့် ကျွန်တော်မပြခင် တည်းက သူကလည်း မြင်ပုံပါပဲ။

လူတစ်ယောက်‥

သစ်ပင်အောက်မှာ…။



www.burmeseclassic.com

www.burmeseclassic.com









"ငှက်ကလေး သီချင်းဆိုတာကို သူ
အသံဖမ်းနေတာကွ"

"အင်း...ဟုတ်တယ်၊ ချစ်စရာကောင်း
တဲ့ လုပ်ရပ်ပဲ"

"ငါကလည်း အဲဒီလိုလူမျိုးတွေဆီကိုမှ
လာချင်တာကွ...ဟဲဟဲ..."

ကျွန်တော်လည်း ခေါင်းညိတ်ထောက်ခံမိတယ်။

"အင်း...အနုပညာကို တော်တော်
မြတ်နိုးကြတဲ့သူတွေပဲ"

"လာကွာ မြန်မြန်လျှောက်"

မိတ်ဆွေဟာ အတော်ကို စိတ်တက်ကြွနေပါပြီ။
ကျွန်တော်လည်း သူ့ဆန္ဒအတိုင်း ခပ်သုပ်သုပ်လျှောက်ပေးလိုက်တယ်။
သူက ရှေ့က ဦးဆောင်သွားလေရဲ့။
တစ်နေရာမှာ အကကျင့်နေတဲ့လူတစ်ယောက်ကို တွေ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



''ဟင်...ဟိုမှာ ဘယ်လိုဖြစ်နေတာလဲ''

''အကကျင့်ရင်း ဒုက္ခရောက်နေတာ ထင်တယ်''

''ဘာလုပ်ပေးရင် ကောင်းမတုံး...''

''မပြောတတ်ဘူး...။ ဘာမှ လုပ်ပေး မနေပါနဲ့၊ သူဟာသူ ပြန်အဆင်ပြေ သွားပါလိမ့်မယ်''

ကျွန်တော်တို့ သူ့ဘေးနားက ကပ်ကျော်လာခဲ့ကြတယ်။
အဲဒီ လူကလည်း ကျွန်တော်တို့ကို လှည့်ကြည့်ပြီး
တစ်စေ့တစ်စောင်း အကဲခတ်တယ်။

သူ့လို လည်လည်ပတ်ပတ် ရှိမှာ
မဟုတ်တဲ့လူတွေလို့ မြင်ပုံရတယ်။









www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်သွားတော့ အိမ်တစ်လုံးကို တွေ့ပါတယ်။ အဲဒီအိမ်ရဲ့ နောက်ဖေးချောင်မှာ လူတစ်ယောက်ကို လှမ်းမြင်ရတယ်။

အလုပ်တစ်ခုကို သဲကြီးမဲကြီးလုပ်နေပုံပဲ…။

"ဟိုလူ့ကို ကြည့်စမ်း…"

ကျွန်တော်ပြောတော့ မိတ်ဆွေက ခေါင်းညိတ်တယ်…။

"အင်း…တွေ့တယ်"

"ထမင်းချက်တော့…မဟုတ်ဘူးထင်တယ်"

"အေး…ငါလည်း အဲလိုထင်တယ်၊ ဒါပေမယ့် မီးဖိုပေါ်မှာ ရှိနေတာတော့ ထမင်းအိုးကွ"

"အနားက ကပ်လျှောက်ရအောင်…"

သူ့အိမ်ပြတင်းနံဘေးက ကျွန်တော်တို့ ကပ်လျှောက်လိုက်ကြပါတယ်…။

"ဩော်…လက်စသပ်တော့ ပန်းချီဆရာကွ"


"အင်း…ဟုတ်တယ်၊ မော်ဒန်ပန်းချီဆရာ ထင်တယ်…"

ပန်းချီဆရာကတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်အားပါဘူး၊ ကျွန်တော်တို့ ကပ်လျှောက်သွားတာရော…၊ တီးတိုးဝေဖန်သွားတာတွေရော ဘာကိုမှ သူ သိပုံမပေါ်ဘူး။

"ငါကတော့ သရုပ်မှန်ပန်းချီဆရာလို့ပဲ ထင်တယ်…"









www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ရပ်ကွက်ရဲ့အလယ်ဗဟိုပိုင်းကို ရောက်သွားကြပါတယ်။

"ဟော့ကောင် ကြားလား…"

"အင်း…ကြားတယ်"

"သီချင်းသံတွေ၊ ပြီးတော့…တယောသံ၊ ဂီတာသံတွေ…"

"ဘာလုပ်နေကြတာလဲ မသိဘူးနော်…"

"အေး…အဲဒီဘက်သွားကြည့်ရအောင်ကွာ…"

"သွားလေ…ကောင်းသားပဲ"

စိတ်ဝင်တစားနဲ့ အသံတွေကြားရာဘက်ကို ကျွန်တော်တို့ ထွက်ခဲ့ကြပါတယ်။ အားမစိုက်ရပါဘဲ ခြေလှမ်းတွေကတောင် သူ့အလိုလို မြန်လို့။

"ဟော့ကောင် ရှေ့မှာ…"

"အင်း…ပန်းခြံ ထင်တယ်နော်…"

"ဟုတ်တယ်ကွ…၊ ရင်ပြင်တစ်ခုလည်းရှိတဲ့ ပန်းခြံဖြစ်မယ်…"

ပန်းခြံက အတော်ကို စည်စည်ကားကားရှိပါတယ်။





ရေကန်၊ မြက်ခင်း၊ သစ်ပင် အုံ့အုံ့ဆိုင်းဆိုင်းတွေနဲ့ စိတ်အပန်းပြေစရာပါပဲ။ ခုံတန်းလျားမှာ ထိုင်နေသူတွေ၊ သစ်ပင်အောက်မှာထိုင်နေသူတွေ၊ တံတားပေါ်မှာ လမ်းလျှောက်နေသူတွေ၊ တဲတန်းလျားထဲမှာ စကားပြောနေသူတွေ… စည်လို့ကားလို့ပါပဲ။

သီချင်းသံ၊ ဂီတသံတွေက ပန်းခြံရဲ့အလယ်၊ မြက်ခင်းပြင်ပေါ်က ထွက်ပေါ်နေတာပါ။

"ပျော်စရာကြီး…"

"အင်း…"

မိတ်ဆွေရဲ့ ရေရွတ်သံက အမှန်အကန်ပါပဲ…။ မြက်ခင်းစိမ်းစိမ်းပေါ်မှာ တီးသူတီး၊ ဆိုသူဆို…။ စင်မြင့်တစ်ခုလည်း ထိုးထားသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အတော်ကြာအောင် ရပ်ကြည့်နေမိကြသေးတယ်။ ပြီးမှ…တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်မိကြတယ်။

မိတ်ဆွေက…စိတ်မသက်မသာဟန်နဲ့ ခေါင်းခါတယ်။

"သွားကြပါစို့ကွာ…"

"ကျွန်တော်လည်း အဲဒါပဲ ပြောမလို့…"

"တောက်…ကွာ"

မိတ်ဆွေက လမ်းတစ်လျှောက်လုံးမှာ တဖျစ်တောက်တောက် ပြောပါတယ်။

"ငါတို့ ဒီရပ်ကွက်ထဲ ဝင်ဝင်ချင်းမှာ ငှက်အော်သံကို အသံဖမ်းနေတဲ့ မြင်ကွင်းကတော့ အထင်ကြီးစရာပဲ၊ ဒါပေမယ့်…"

ဆက်မပြောတော့ဘဲ သူ့ခေါင်းကိုချည်း တွင်တွင်ခါနေပါတယ်…။

ရပ်ကွက်အဝကို ပြန်ရောက်တော့…





"ဟိုမှာ…ဟိုမှာ…"

ကျွန်တော်က သူ့ကို လက်ညှိုးထိုးပြလိုက်တယ်။ သူက ပြူးတူးပြဲတဲ လှမ်းကြည့်တယ်…။

"ဘာလဲ…"

"ဟိုလူ မဟုတ်လား…"

"ဘယ်သူလဲ…"

"ငှက်ဆီက အသံဖမ်းသွားတဲ့လူလေ…"

"အော်…အေး…ဟုတ်တယ်"

အဲဒီလူက သူ့အိမ်ထဲမှာသူ အေးအေးဆေးဆေး ထိုင်နေပါတယ်။ ငှက်ကလေးရဲ့ သီချင်းသံကိုလည်း ပြန်နားထောင်နေတယ်။ ဒါပေမယ့်…


"အင်း…တစ်မျိုးကြီးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com





"ကိုယ့်လမ်းကိုယ် ဆက်လျှောက်တာပဲ ကောင်းပါတယ်ကွာ..."

"ဟုတ်ပါတယ်...ဟုတ်ပါတယ်"

အနုပညာရပ်ကွက်ရဲ့အပြင်ကို ကျွန်တော်တို့ ပြန်ရောက်ခဲ့ကြတယ်...။





(၄)

လမ်းဆုံမှာ ဇရပ်တစ်ခုကို တွေ့ပါတယ်...။

ဇရပ်ပေါ်မှာ လူတစ်ယောက် ထိုင်နေပြီး၊ သူ့ပုံစံကလည်း အတော်ကို စိတ်ပျက်အားငယ်နေပုံ ရတယ်...။

"ခဏနားရအောင်ကွာ..."

"နားတာပေါ့...၊ ဟိုဇရပ်ထဲ ဝင်ထိုင်ကြမယ်"

ဇရပ်ထဲကို ကျွန်တော်တို့ ဝင်ကြ



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီလူက လှမ်းကြည့်ပြီး မေးတယ်…။

"ညှိသည်တွေ ထင်တယ်…"

"ဟုတ်ပါတယ်…"

"အရင်က လာဘူးလား…"

"ဟင့်အင်း…မလာဖူးပါဘူး၊ ဒီတစ်ခေါက်ဟာ ပထမဦးဆုံးပဲ"

"အင်း အင်း…"

ပြီးတော့…သူ ဘာမှဆက်မပြောတော့ပါဘူး။ ကျွန်တော်တို့ကို မကြည့်တော့ဘဲ သူ့ဘာသာ ဆက်မှိုင်နေတယ်…။

မိတ်ဆွေက…

"ဘာတွေကို စိတ်ပျက်နေတာလဲ…၊ ကျွန်တော်တို့ ဘာကူရမလဲ"

အဲဒီလူက လေပူကြီးမှုတ်ထုတ်တယ်…။

"ဘာရယ်မဟုတ်ပါဘူး…၊ စီးပွားရေး အဆင်မပြေလို့ပါ"

"ဘာလုပ်စားတာလဲ…"

မဖြေချင့် ဖြေချင် လေသံနဲ့…





"ပန်းစိုက်ပြီး ရောင်းတယ်…"

"ကောင်းသားပဲ…၊ ဘာလို့ အဆင်မပြေတာလဲ"

တော်တော်နဲ့ ပြန်မဖြေဘူး။ ပြီးမှ…

"မပြောချင်ပါဘူးဗျာ…"

အဲလို အစပျိုးလိုက်ရင် ပြောချင်နေပြီဆိုတာ ကျွန်တော်သိပါတယ်။ ပြောလို့ကောင်းအောင် စကား ထောက်ပေးလိုက်တယ်။

"ဟုတ်ကဲ့ အန်ကယ်…၊ ဆိုပါဦး…"

အဲဒီလူကြီးက သူ့အဖြစ်ကို သူပြောပြပါတယ်။

"ပန်းစိုက်တယ်ကွာ…၊ နေ့တိုင်းလည်း ရေလောင်းပေးတယ်ကွာ"

"ဟုတ်ကဲ့…"



www.burmeseclassic.com

www.burmeseclassic.com









သူ့အဖြစ်ကို သူ စီကာပတ်ကုံး ပြောပြပါတယ်။

"ဒါပေမယ့် ပန်းပင်က မထွားဘူးကွာ…"

"မြေဩဇာ နည်းလို့လား…"

"မဟုတ်ဘူး…၊ မဖြစ်သင့်တာတွေ လျှောက်ဖြစ်နေတာ"

"ဘာဖြစ်လို့လဲ…"

"ပန်းပင်က မဖွံ့ထွားဘဲ တခြားဟာကလာပြီး ဖွံ့ထွားနေတာ…"

"ရှင်းစမ်းပါဦး…နားမလည်ဘူး"


"ဒီလိုကွာ…"



www.burmeseclassic.com

www.burmeseclassic.com









"ပန်းပင်က မထွားဘဲ ပန်းပင်ကို
ကပ်စိုက်တဲ့ သစ်တုံးက ထွားလာ
တယ်..."

သူ့အဖြစ်ကြောင့် ကျွန်တော်တို့မှာ
ရယ်ရခက် ငိုရခက်ပါပဲ။

"အဲဒါကြောင့် ငါ စိတ်မာတ်ကျ
နေတာ..."

ကျွန်တော် ပြုံးလိုက်မိတယ်။
ကျွန်တော် သူ့ကို ကူညီနိုင်ပါ
တယ်။ စိုက်ပျိုးရေးသမား
တစ်ယောက်ကို ကူညီနိုင်တဲ့ အပြုံး
မို့လို့ စာခြောက်ရုပ်အပြုံး ဆန်နေပါ
လိမ့်မယ်။ သနားစရာကောင်းတဲ့
အဲဒီလူကြီးဟာ ဒီအပြုံးမျိုး ငါမြင်ဖူး
ပါတယ်ဆိုတဲ့ ဇဝေဇဝါမျက်လုံးနဲ့
ကျွန်တော့်ကို ကြည့်နေတယ်...။



www.burmeseclassic.com

www.burmeseclassic.com



''မင်း ကူညီနိုင်တယ်၊ ဟုတ်လား…''

''ဟုတ်ကဲ့…''

သူ အားတက်သရော ဖြစ်သွားတယ်။

''ဆိုစမ်းပါဦးကွာ…၊ ဘယ်လိုများလဲ…''

''ဦးလေး…အဲလိုဆက်စိုက်လေ…ပန်းတော့ မရောင်းနဲ့ပေါ့၊ သစ်ရောင်းစား၊ သစ်ဈေးက ပန်းဈေးထက် ပိုကောင်းတာပဲဟာ…''

''ဟေ…''

သူ ငိုင်သွားပါတယ်…။ ကျွန်တော်က ဆက်ပြောလိုက်တယ်…။

''ခုဆိုရင် ကမ္ဘာပေါ်မှာ သစ်တောပြုန်းတီးမှု တွေ ဖြစ်နေပြီ၊ ဦးလေးရဲ့ အဖြစ်အပျက်…၊ အဲလေ…လေးလေးရဲ့ ရှာဖွေတွေ့ရှိချက်ဟာ ကမ္ဘာ့သမိုင်းကိုတောင် အလှည့်အပြောင်း ဖြစ်သွားစေနိုင်တယ်''





''ဟေ…ဟုတ်လား''

''ဟုတ်တာပေါ့ လေးလေးရဲ့…''

''ကျေး…ဇူး…''

စကားတောင် မဆုံးလိုက်ဘူး…၊ သူ့ခြံဆီ သူ တစ်ချိုးတည်း ပြန်ပြေးပါတော့တယ်…။ မိတ်ဆွေက သူ့ပြင်သစ်ကဇာတ်ထဲက စကားတစ်ခွန်းနဲ့ ညည်းတယ်…။

''လေထဲမှာ တခမ်းတနား မှတ်ကျောက် တင်ချင်ပြန်ပြီ''

အမောအပမ်းပြေပြီးတဲ့နောက်မှာ… ကျွန်တော်တို့ဟာ စီးပွားရေး ရပ်ကွက်ထဲကို လျှောက်ခဲ့ကြပါတယ်။ ရပ်ကွက်အဝင်ဝလေးမှာပဲ ငါးမျှားနေသူတွေကို တွေ့တယ်။

''ဟိုမှာကြည့်စမ်း…၊ သူတို့ငါးမျှား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ဥပဒေက တစ်မျိုးပါလား…"

"အင်းလေ…ဟုတ်ပါရဲ့"

ကျွန်တော်တို့ သိပ်နားမလည်မိအောင် ဖြစ်ကြရတယ်။


"တစ်ယောက်က သူ ငါးမျှားတဲ့ နေရာကို နောက်တစ်ယောက် မလာအောင် အဲလိုတားလို့ ရသလား…"

"ပြောတတ်ဘူးလေဗျာ…၊ နောက်ကလူကို သွားမေးကြည့်ရအောင်"

ကျွန်တော်တို့ဟာ ငါးမျှားတံကြီး ပခုံးပေါ်ထမ်းပြီး၊ နောက်က ရပ်စောင့်နေရသူဆီ လျှောက်သွားလိုက်ကြပါတယ်။









www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က…

"အစ်ကိုကြီးက ဘာလို့ ငါးဝင်မများတာလဲ…"

သူက စိတ်ပျက်လက်ပျက် ပြန်ဖြေပါတယ်။

"မတွေ့ဘူးလား၊ သူက မီးပွိုင့်နဲ့ တားထားတာ…"

"အိုး…အစ်ကိုကြီးက မော်တော်ကားမှ မဟုတ်တာ၊ ဘာလို့ ရပ်နေရတာလဲ…"

"အေး…ဒါလည်း ဟုတ်တော့ ဟုတ်သားပဲ…"

သူ အူကြောင်ကြောင်ဖြစ်သွားပါတယ်။

ပြီးမှ တစ်ခါ…

"မကောင်းပါဘူးကွာ…၊ ဒီမျက်နှာတွေက နောက်လည်း ပြန်မြင်နေရဦးမှာ…"

ကျွန်တော်က သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပါတယ်၊ ဟိုလူက မီးနီနဲ့တားထားပေမယ့် ဒီလူ့မျက်နှာမှာကတော့ ကျွန်တော် ဖြတ်ကူးလို့ရတဲ့ မျဉ်းကျားကို တွေ့တယ်။

အဲဒါနဲ့ပဲ…

"ကဲ…အစ်ကိုကြီး"

ကျွန်တော်က သူ့နားနားကပ်ပြီး တိုးတိုး တိုးတိုး ပြောပြ လိုက်တယ်။ မျက်လုံးပြူးကြီးနဲ့ နားထောင်နေရင်းက…





"အေး…ဟုတ်သားပဲ၊ ဒီလိုကျတော့လည်း လွယ်လွယ်လေး ပါလား…"

သူ့မျက်နှာ ပြုံးပြုံးကြီးဖြစ်သွားတယ်…။ ကိုယ်ဟန်ပြင်ရင်း ငါးများချိတ်နဲ့ ငါးစာကို စစ်ဆေးရင်း မီးပွိုင့်ကို အကဲခတ် စောင့်ကြည့် ရင်း…

မီးစိမ်းပြချိန်မှာ ဝင်သွားလိုက်ပါတော့တယ်…။

မျှားလက်စလူက ဘုကြည့် လှည့်ကြည့်ပေမယ့် သူကတော့ ဂရုမစိုက်တော့ဘူး…။ တရားမျှတစွာ ဝင်ရောက်လာခြင်းဖြစ်တယ်လို့ သူ့ကိုယ်သူ ယုံကြည်သွားပြီ။ ကျွန်တော်က မီးပွိုင့်ကို အစိမ်းရောင် ချည်းပဲ လင်းနေအောင် လက်ဆော့ခဲ့ပြီး… သူတို့ဆီက လှည့်ထွက်ခဲ့ ပါတယ်။

မိတ်ဆွေက ပြောတယ်…။

"မင်းတော့ အရိုက်ခံရတော့မယ်"

ကျွန်တော် တဟဲဟဲရယ်ပစ်လိုက်တယ်။ ဆက်လျှောက်ကြ ရင်းနဲ့ ငှက်ဥ၊ ငှက်သိုက်ရှာဖွေသူတွေရဲ့ လုပ်ငန်းနယ်မြေထဲကို ရောက် သွားတယ်။

"ငှက်ဥနဲ့ ငှက်သိုက်ကလည်း စီးပွား အရှမ်းဖြစ်တယ်ဗျ"

"အေး…ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပြောနေချိန်မှာပဲ ငှက်သိုက်ရှာဖွေသူတစ်စုရဲ့ အဖြစ်အပျက်ကို လျှပ်တပြက် မြင်လိုက်ရတယ်။

မိတ်ဆွေက စမြင်တာပါ…။

"ဟော့ကောင် ဟိုမှာကြည့်စမ်း…"

"ဟာ…ဟုတ်ပါရဲ့"

ကျွန်တော်လည်း အံ့သြသွားတယ်။

"အဲဒါ ဘာလုပ်တာများလဲ…"

"တောင်ကမ်းပါးတစ်ခုကနေ တစ်ခုကို အဲလိုပဲ သူတို့ကူးသွားကြတာ ထင်တယ်…"

အစပိုင်းမှာတော့ ကျွန်တော်တို့ဟာ အဲလိုပဲ အကောင်းမြင်နေကြပါသေးတယ်။ တဖြည်းဖြည်းနဲ့ မှုမမှန်ဘူးလို့ ထင်လာတယ်။

"ဟော့ကောင်…သိပ်တော့ မဟုတ်တော့ဘူးကွ"

"အင်း…"

ကျွန်တော်တို့မြင်နေရတဲ့ မြင်ကွင်းကလည်း ပီပြင်ရှင်းလင်းလွန်းအားကြီးနေတယ်။









www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူသုံးယောက်ရဲ့ အော်ဟစ်ပြောဆိုသံတွေကိုတောင် ကြားနေရတယ်။

*အောက်ဆုံးကလူ* -

ဟေ့ ငါတို့ကိုချီသွားတာ စွန်မကြီးထင်တယ်။

*အလယ်လူ* -

ဟေ့ အပေါ်ဆုံးကကောင်၊ သူ့ငှက်ဥတွေကို ငါတို့ မနိုက်ပါဘူးလို့ ပြောပြလိုက်လေကွာ…။

*အပေါ်ဆုံးလူ* -

ပြောပြီးပြီကွ၊ မရဘူး၊ သူ့ငှက်ဥ နိုက်နိုက် မနိုက်နိုက်တဲ့…၊ ဒီတောင်ထိပ်မှာ အဝင်အထွက်လုပ်တဲ့ နေဥအနီကြီးနဲ့ လဥအဖြူကြီးကို နိုက်မှာ စိုးလို့တဲ့။

အဲဒီလိုနဲ့ သူတို့တွေပါသွားကြလေရဲ့…။

မိတ်ဆွေက ပြောတယ်…။

"ခံစားရပါတယ်ကွာ…"

သူ့စကား အဆုံးမှာ နှစ်ယောက်လုံး ဟက်ဟက်ပက်ပက် ရယ်မိကြတယ်။





"စီးပွားရေးအကြောင်း လေ့လာတာထက် သူတို့ရဲ့ အားကစားတွေ ဘာတွေကို လေ့လာတာ ပိုကောင်းမယ် ထင်တယ်ဗျာ၊ တခြားရပ်ကွက်ဆီ လှည့်ကြည့်ရအောင်…"

ဘူကလည်း မဆိုင်းမတွ ထောက်ခံပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



(၅)

ကျွန်တော်တို့ဟာ အားကစားရပ်ကွက်ထဲကို ဝင်ခဲ့ကြတယ်။ အားကစားလေ့ကျင့်နေသူတွေကို ဟိုနေရာသည်နေရာမှာ မြင်ကြရပါတယ်။

ပထမဆုံး စမြင်ရတဲ့မြင်ကွင်းကတော့… အားတက်ဖွယ်ရာပါပဲ။


ဒိုင်ဗင်သမားတစ်ယောက်ပါ…။ သူ့အဖြစ်ကို သူ မှတ်တမ်းတင်မထားဘူးလို့ ယူဆရပါတယ်။

ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com










ကျွန်တော်တို့ မေးကြည့်ပါသေးတယ်။ ဒါပေမယ့် သူ့ဆီက အကျိုးအကြောင်း မသိရဘူး။

''ဟေ့လူ…ဘယ်လိုဖြစ်တာလဲဗျ''

သူက မဖြေချင့် ဖြေချင်နဲ့…

''ဘုရားသခင်ရဲ့ အလိုအတိုင်းပေါ့ဗျာ…''

''အော်…အော်…''

ကျွန်တော်တို့ အဲဒီလူကိုကျော်ပြီး နောက်ထပ် လမ်းမတစ်ခုဆီ ရောက်ခဲ့ကြတယ်။ အော်သံဟစ်သံတွေ ကြားရတယ်။

''ဟဲဟဲ…ဟဲဟဲ…''

''ဟီးဟီး…ဟီးဟီး…''

ဆက်လျှောက်ကြတော့ လက်ဝှေ့လေ့ကျင့်ရုံဘက်ကို ရောက်သွားတယ်။ သဲအိတ်ထိုးသံ တဘုံးဘုံးကိုလည်း အဝေးကြီးကတောင် ကြားနေရတယ်။ ကျွန်တော်တို့နှစ်ယောက် နည်းနည်းစီ လန့်သွားကြတယ်။ မိတ်ဆွေက…

''အတော်ကြောက်စရာကောင်းမယ့် လက်သီးပဲ…''


''အေးဗျာ…အတော်ပြင်းတာ''



www.burmeseclassic.com

www.burmeseclassic.com









ကျွန်တော်တို့ လေ့ကျင့်ရုံအပေါက်ဝက မယောင်မလည် သွားကြည့်ကြတယ်။ အနေအထားကိုလည်း ကျွန်တော်တို့ သဘော ပေါက်သွားကြတယ်…။

“သြော်…ဒါကြောင့်ကိုး…”

“ခံစားချက်ပါတဲ့ လက်သီးတွေကိုးဗျ”

ကျွန်တော်တို့ ကြည့်နေဆဲမှာပဲ လက်ဝှေ့သမားက သူ့ရဲ့ လေ့ကျင့်မှုကို ခဏနားပါတယ်။ သူ့မိန်းမနဲ့အတူ အပြင်ကို ထွက်သွား တယ်။ ကျွန်တော်က လက်ဝှေ့ရုံထဲ ဝင်လိုက်တယ်။

“ဟေ့ကောင် ဘာလုပ်မလို့လဲ…”

မိတ်ဆွေက နားမလည်ဘူး။ အဲဒါကြောင့် ကျွန်တော့်ကို ချွဲသလိုလိုနဲ့ သူလည်း အထဲလိုက်ဝင်လာတယ်။

“မင်း…ဘာလုပ်မှာလဲ”

“ပုံကို နည်းနည်းပြင်ဆွဲမလို့…”

“ဘယ်လိုဆွဲမှာလဲ…”

“စကားများလိုက်တာဗျာ…၊ စောင့်ကြည့်စမ်းပါ”

ကျွန်တော်က သဲအိတ်ပေါ်က (လက်ဝှေ့ထိုးသမားရဲ့ မိန်းမ ...နှာ)ရုပ်ပုံလွှာကို နည်းနည်းပြင်ဆွဲလိုက်တယ်။ မျက်နှာအနေ ...ား ပြောင်းသွားတယ်။ လက်သီးထိုးမယ့်သူကို သွားဖြဲ၊ မာန်ဖီ



www.burmeseclassic.com

www.burmeseclassic.com



ပြနေတဲ့ပုံ ဖြစ်သွားတယ်။

"ဟော့ကောင်…ပြန်လာကြပြီ…ပြန်လာကြပြီ"

မိတ်ဆွေရဲ့ သတိပေးသံအဆုံးမှာ ကျွန်တော်တို့ဟာ လက်ဇော့ရုံရဲ့ အပြင်ဘက်ကို ပြန်ရောက်သွားကြပါတယ်။ အပြင်ဘက်မှာ နှစ်ယောက်လုံး ပုဝပ်ပြီး လက်သီးထိုးသံကို နားထောင်နေလိုက်ကြတယ်။

မျှော်လင့်ထားတဲ့အတိုင်းပဲ၊ လက်သီးထိုးသံကို မကြားရတော့ဘူး။

"ထိုးလေ…ဘာလုပ်နေတာလဲ"

သူ့မိန်းမရဲ့ တိုက်တွန်းသံကို ကြားရတယ်။ ပြတင်းပေါက်ကနေ ကျွန်တော်တို့ ချောင်းကြည့်လိုက်ကြတယ်…။ လက်ဇော့သမားဟာ သဲအိတ်ကို ဆက်မထိုးတော့ဘဲ နောက်ဆုတ် နောက်ဆုတ်နဲ့ ရှောင်တိမ်းပြေးနေတယ်။

"ခွီးခွီးခွီး…"

ပါးစပ်ကို လက်နဲ့အုပ်ရယ်ကြပြီး ကျွန်တော်တို့ လစ်ထွက်ခဲ့ကြတယ်။

"မင်းက သူ့မိန်းမရဲ့မျက်နှာကို မိုနာလီဇာအပြုံးနဲ့တူအောင်ဆွဲခဲ့တာကိုး…"





"မဟုတ်ဘူး…၊ မိုနာဆီယာအပြုံး"

မိတ်ဆွေက နားမလည်ပါဘူး။ သူ နားမလည်ကြောင်းကို သွယ်ဝိုက်ပြောတယ်။

"ငါ နားမလည်ဘူး…"

"မိုနာလီဇာအပြုံးက မဲ့မဲ့ကြီး မဟုတ်ဘူး"

"အေး…အဲဒါဘာဖြစ်လဲ"

"ကျွန်တော်က မိုနာလီဇာအပြုံးနဲ့ ဂျိုဖရေဆီယာအပြုံးကို ရောဆွဲလိုက်တာ…၊ မိုနာဆီယာအပြုံး ဖြစ်သွားတယ်။ ဘယ်လောက်ကြောက်စရာကောင်းမယ်ဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ…"

"အေးအေး…ဟုတ်ပါတယ်၊ ဟီးဟီး…"

"ဟုတ်ရမယ်လေ…ဟဲဟဲ…"

နှစ်ယောက်သား အူမြူးပြီး ဆက်လျှောက်လာခဲ့ကြတယ်။

တစ်နေရာမှာ လူတွေ စုစုအုပ်အုပ်ဖြစ်နေကြတာကို တွေ့တယ်။ ရွက်ဖျင်တဲတစ်ခု ရှေ့မှာပါ…။

"ဆပ်ကပ်ထင်တယ်…"

"အားကစားပြိုင်ပွဲတစ်ခုခုလည်း ဖြစ်ရင်ဖြစ်မှာပေါ့…"


လူအုပ်ကြားထဲကိုပဲ ကျွန်တော်တို့ တိုးပြီး ဝင်ကြည့်လိုက်ကြတယ်။ မြင်လိုက်ရတဲ့ပြကွက်ကတော့ အံ့မောဘွယ်ရာပါပဲ…။



www.burmeseclassic.com

www.burmeseclassic.com









“အလာကြီးပါလား…”

ကျွန်တော့်ရေရွတ်သံကို မိတ်ဆွေက

အသိအမှတ်မပြုဘူး။

“မင်းဟာကလည်းကွာ…ဖြစ်ပါ့မလား”

ဘေးနားကလူတွေလည်း

ကျွန်တော်တို့နှစ်ယောက်လိုပါပဲ။

ဒီအချက်ကိုပဲ ငြင်းခုန်နေကြတယ်။

“မဖြစ်နိုင်ပါဘူးဗျာ…မဖြစ်နိုင်ဘူး”

“အိုး…ဖြစ်ရင် ဖြစ်မှာပေါ့”

“ဘယ်လိုလုပ်ဖြစ်မှာလဲ၊ ဒီခန္ဓာကိုယ်နဲ့ ဒီခန္ဓာကိုယ်”

“အာ…ဆပ်ကပ်ပဲဟာ…၊ စောင့်ကြည့်ပါဦး၊

ဖြစ်ရင် ဖြစ်လာမှာပေါ့…”

စီစဉ်သူကတော့ ပရိသတ်ဘက်လှည့်ပြီး

အောင်မြင်ခန့်ညားစွာ ပြောဆိုနေတယ်။

“ယှဉ်ပြိုင်ခြင်းသာ…အဓိကပါခင်ဗျာ”

အဲဒီစကားကြောင့် ကျွန်တော်တို့ ရယ်မိကြတယ်။

“ဟိဟိ…”

တစ်ယောက်ကိုတစ်ယောက် လက်ကုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့ကြတယ်။

လမ်းမှာ ကျွန်တော်က…

“မဖြစ်နိုင်ဘူးလို့လည်း ပြောလို့မရဘူး…”

ကျွန်တော့်စကားကြောင့် မိတ်ဆွေက

စောင်းကြည့်ပါတယ်။

‘ဂျို’ကြည့်လို့ ပြောရင် လုံလောက်တဲ့ အကြည့်ပါ…။

‘နွား’ကြည့်ပါ ပါတယ် ထင်ရတယ်။

“ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ…”

“ဒီလိုဗျ…”

“အင်း…”

ကျွန်တော်က တွေးတွေးဆဆနဲ့…

“သူ့ရှေ့ကို ကြွက်တစ်ကောင်ကျလာတာကို မြင်ရင်

အဲဒီဆင်ကြီး ထမခုန်ဘူးလို့ မပြောနိုင်ဘူး…”

“ဟော…”

မိတ်ဆွေလည်း အတော်စဉ်းစားသွားပါတယ်။

“အဲ…မင်းပြောသလိုဆိုရင်တော့…အင်း…”

ပြီး…

သူ ဘာမှ မပြောတတ်တော့ဘူးဆိုတဲ့အကြောင်းကို





‘ဘာမှမပြောတတ်တော့ဘူး’လို့ပဲ ပြောပါတယ်…။

စိတ်ရှုပ်သွားဟန်နဲ့…

“ကဲ…ဒီကိစ္စကို ထားလိုက်ပါကွာ”

“ဘာလုပ်ချင်သလဲ…”

“တကယ့်အားကစားပွဲတွေဆီ သွားကြည့်ရအောင်”

“ကောင်းပြီလေ…”

ပြိုင်ပွဲရုံတွေဘက်ကို ကျွန်တော်တို့ ထွက်ခဲ့ကြတယ်…။





www.burmeseclassic.com

www.burmeseclassic.com



(၆)

''ဟေး…''

''ဟား…''

''ချကွ''

''လုပ်ထားကွ''

အော်ဟစ်အားပေးသံတွေ ကြားနေရတဲ့ ပြိုင်ပွဲရုံဆီ ကျွန်တော်တို့ အရင်ဝင်လိုက်ကြတယ်။


ကြိုးဝိုင်းအလယ်မှာ လူနှစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com









မျက်နှာတွေ… ခေါင်းတွေတောင်… ပျောက်နေတယ်။ တစ်ယောက်ကိုတစ်ယောက် ချုပ်လိမ်ထားကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် ခွာပေးလို့လည်း မရတော့ဘူး။

နပမ်းပွဲပါ…။

ဒိုင်လူကြီးက ပရိသတ်ဆီ လက်မြှောက်ပြပြီး အော်တယ်။

''သရေပွဲအဖြစ် သတ်မှတ်ပါတယ်ခင်ဗျား…''

ပြီး… ဒိုင်လူကြီးက ကြိုးဝိုင်းထဲက ပြန်ဆင်းလာတယ်။ ပရိသတ်တွေလည်း ရုံထဲက အလျှိုလျှို ထွက်သွားကြတယ်။ နပမ်းသမားနှစ်ယောက်ပဲ ဒီအတိုင်းကြီး ကျန်ခဲ့ကြတယ်။

''ဟိုဘက်က လက်ဝှေ့ရုံလားဗျ…''

''ဟုတ်တယ်…''

''အခု လက်ဝှေ့ပွဲတွေ ရှိလား…''


''ရှိတယ်လေ…၊ ထိုးနေကြတယ်''

မြို့ခံလူတစ်ယောက်ရဲ့ လမ်းညွှန်မှုနဲ့ လက်ဝှေ့ရုံဘက်ကို ကျွန်တော်တို့ ရောက်ခဲ့ကြပြန်တယ်…။

ပထမဆုံးမြင်ရတဲ့ လက်ဝှေ့ပွဲမှာတင် တစ်ယောက်က ကြောက်ပြီး…အရှုံးပေးနေပြီ။



www.burmeseclassic.com







သူတို့နှစ်ယောက်ကိုကြည့်ပြီး မိတ်ဆွေက ညည်းတယ်။

"ငါ့ ကဇာတ်ထဲက *Clarin* ပြောတဲ့ စကားအတိုင်းပဲ လွတ်မြောက်အောင် ပြေးခဲ့ပြီးမှ သေခြင်းတရားရှေ့မှောက် ပြန်ရောက်ခဲ့ရတဲ့လူပါ... ပေါ့ကွာ၊ ဟဲဟဲ..."

သူ့စကားကို ကျွန်တော် လက်မခံပါဘူး။

"ဟိုလူအရှုံးပေးတာ မှားတယ်ဗျ..."

"ဘာဖြစ်လို့..."

"ဘယ်ဗျာ...တစ်ဘက်လူက လက်ဝှေ့အိတ်ပဲ ကြီးတာပါ၊ လက်သီးက အဲဒီလောက် လိုက်မကြီးနိုင်ပါဘူး...။ ဒီလောက် လက်အိတ်ကြီး စွပ်ထားတာ ကိုယ့်အတွက် ပိုကောင်းကောင်းသေးတယ်"

ခုနမေးခွန်းကိုပဲ မိတ်ဆွေက ထပ်မေးပါတယ်။

"ဘာဖြစ်လို့..."

"လက်သီးနဲ့ ထိုးတာနဲ့ ဘယ်တူတော့မလဲ၊ ဆိုဖာနဲ့ လာလာဆိုးသလို ဖြစ်နေမှာပေါ့...၊ မနာလောက်ပါဘူး"

"အင်း...အဲ...အီး"


အဲဒီလို ကျွန်တော်တို့ ပြောဆိုနေကြချိန်မှာပဲ စင်ပေါ်ကို နောက်ထပ်လက်ဝှေ့သမားနှစ်ယောက် တက်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com










"ဟေး…ဘောက်ဆာကွ"

"ဟေး…ဒေါက်တာကွ"

စင်ပေါ်မှာ…

ကြိုးဝိုင်းအလယ်မှာ…

မျက်နှာချင်းဆိုင်ရပ်ပြီး သူတို့နှစ်ယောက်

နှုတ်ဆက်ကြပါတယ်။

ဒါပေမယ့် လက်ဝှေ့ပွဲကို မစဖြစ်သေးဘူး…။

ဘောက်ဆာက ဒေါက်တာ့ကိုကြည့်ပြီး…

ပါးစပ်အဟောင်းသား ဖြစ်နေတယ်။

"ဟေး…ချကွ"

"ဟေး…ထိုးကွ"

ပရိသတ်ရဲ့ အော်ဟစ်အားပေးသံတွေကြားထဲမှာပဲ

ကျွန်တော်တို့ တိုးဝှေ့ပြန်ထွက်ခဲ့ကြတယ်။

မိတ်ဆွေကပြောတယ်…

"ဆရာဝန်လည်း လက်ဝှေ့ဝင်ထိုးတာပဲနော်…"

"ရောဂါပိုးကို တိုက်ဖျက်တာ နေမှာပေါ့…"

"ဘာဆိုင်လို့လဲ…"

"ဩော်…



www.burmeseclassic.com

www.burmeseclassic.com



လူဟာ ကမ္ဘာကြီးအတွက်

အကြီးမားဆုံးရောဂါပိုးဆိုတာ

သူ ရှာတွေ့လိုက်လို့ နေမှာပေါ့ . . .''

''ဟာ . . . ဟော့ကောင်''

''ဘာလဲ . . .''

သူဟာ တစ်နေရာကို ညွှန်ပြပါတယ်။

''ဟိုမှာ အပြေးပြိုင်ပွဲကွ . . .၊ သွားကြည့်ရအောင်''

အပြေးပြိုင်ပွဲကျင်းပရာကို

ကျွန်တော်တို့ ရောက်သွားကြပါတယ်။

အပြေးပြိုင်ပွဲက တာ စထွက်တော့မယ်။

အပြေးသမားအားလုံးက အပြေးလမ်းကြောင်းထိပ်မှာ

တာထွက်ဖို့ အသင့်ပြင်နေတယ်။

သက်ဆိုင်သူ လူကြီးမင်းတစ်ယောက်က သေနတ်ဖောက်ပြီး


အချက်ပြဖို့ ပြင်တယ်။

''ဟောဗျာ . . .''

မထင်တာက ဖြစ်လာပြန်ရော . . .။









www.burmeseclassic.com

www.burmeseclassic.com



"အချက်ပေးမယ့်ဟာကို ဟိုလူက မပြေးဘဲ ဘာလို့ လက်မြှောက်တာလဲ၊ ကြောက်လို့လား…"

မိတ်ဆွေက သူ့ဘာသာ တစ်ယောက်တည်း ဆက်ပြောနေပါတယ်။

"ဒါမှမဟုတ် သူဟာ…"

"သူ့ သွားမေးပါလားဗျာ…"

ကျွန်တော်က အငေါ်တူးလိုက်တယ်။

အဲဒီအချိန်မှာပဲ…

မပြေးဘဲ လက်မြှောက်နေခဲ့မိလို့ ပြိုင်ပွဲကထွက်လိုက်ရတဲ့ အဲဒီပုဂ္ဂိုလ်ဟာ ကျွန်တော်တို့နားကို ရောက်လာပါတယ်။ မိတ်ဆွေက နေနိုင်ထိုင်နိုင်ရက်နဲ့ သွားမေးတယ်…။

"ခင်ဗျားက ဘာဖြစ်တာလဲဗျ…"

အဲဒီပုဂ္ဂိုလ်ကတော့ အေးအေးဆေးဆေးပါပဲ။

"ဘာဖြစ်လို့လဲ…"

"မဟုတ်ဘူးလေ…၊ မပြေးဘဲနဲ့ ခင်ဗျား ဘာဖြစ်လို့ ကြောက်ပြီး လက်မြှောက်လိုက်တာလဲ…၊ အချက်ပေးမယ့်ဟာကို ဘာလို့ ကြောက်ရတာလဲ…"

"ဟင့်အင်း…အချက်ပေးမှာကို ကြောက်တာမဟုတ်ဘူး"





"ရော်…ဘာကိုကြောက်သတုံးဗျ"

"ပြေးရမယ့်ခရီးကို ကြောက်တာ…၊ အစက ဒီလောက် ရှည်မယ်မှန်း မသိဘူး…"

ပြောပြီး…အဲဒီပုဂ္ဂိုလ်လှည့်ထွက်သွားပါတယ်။ လှည့်အထွက်မှာ စကားတစ်ခွန်းကိုလည်း သူ့ဘာသာ တစ်ကိုယ်တည်း ပြောသွားတယ်။

**"ကျုပ် မအိပ်တော့ဘူး…၊ ကျုပ်… အားလုံးကိုမြင်တယ်၊ ဘဝကြီးတစ်ခုလုံးဟာ အိပ်မက်သဖွယ်ပဲလို့ ကျုပ်သိရပြီ…"**

ကျွန်တော့်မိတ်ဆွေက မအီမသာ ဖြစ်ကျန်ခဲ့ပါတယ်။ ဒီတစ်ခါတော့ သူမပြောခင် ကျွန်တော် သိနေပြီ…။ အပြေးသမား ပြောသွားတဲ့စကားဟာ သူ့ပြင်သစ်ကဗျာထဲက စကားဆိုတာကို…။ သူ့ ကဗျာနာမည်ကိုက *La Vie Est Un Songe* 'အိပ်မက်ဆန်သော ဘဝ' လို့ ဆိုထားတာကိုး…။

မိတ်ဆွေက ဘာစကားမှ ဆက်မပြောတော့ဘူး။ ကျွန်တော့်နောက်ကပဲ တိတ်တိတ်ဆိတ်ဆိတ် လိုက်လာတယ်။ တစ်နေရာမှာ ဘာမှန်းမသိတဲ့ ပြိုင်ပွဲတစ်ခုလုပ်နေတာကို တွေ့ရတယ်။ ကြိုးတပ်ထားတဲ့ သံလုံးကို ဝှေ့ယမ်းပြီး အဝေးဆုံးကို ရောက်အောင်ပစ်တဲ့ ပြိုင်ပွဲပဲ…။ ဘာကစားနည်းမှန်း ကျွန်တော်တို့ မသိဘူး…။




www.burmeseclassic.com

www.burmeseclassic.com







ဒါပေမယ့် ဘာဖြစ်လို့ မှန်းမသိဘဲ ကျွန်တော်တို့ ရပ်ကြည့်နေလိုက်တယ်။ လူတစ်ယောက်က ကြိုးကိုပစ်ဖို့ သူ့ကိုယ်သူလှည့်ပတ်နေတယ်။

ပြီး…အရှိန်နဲ့ ပစ်လိုက်တယ်။ သူလည်း ချာလပတ်ကို လည်နေတာပဲ။

လူတွေကလည်း သူ့ကို အုတ်အော်သောင်းနင်း အားပေးနေကြလေရဲ့။

ဆုပေးတော့ သူပဲ ပထမဆု ရသွားတယ်။ ဆုရတဲ့အချိန်ထိ သူ့မှာ ပတ်ချာလည်နေတုံး…။


---


ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com












ကျွန်တော်တို့ကတော့ ဒီပြိုင်ပွဲကို သိပ်မခံစားတတ်လို့ ဘာမှ မဝေဖန်ဖြစ်ဘူး။

"အေးလေ...ဆုရသင့်ပါတယ်၊ လူဆိုတာ သူများကိုပဲ 'ရစ်'တတ်တာ၊ သူက သူ့ကိုယ်သူ ပြန်ရစ်တတ်တော့ ဆုရသင့်တာပေါ့..."

ကျွန်တော်က မိတ်ဆွေကို လှည့်မေးလိုက်တယ်။

"ကဲ...ခင်ဗျား ဘာပြောချင်သေးလဲ"

မိတ်ဆွေက လေပျော့ကလေးနဲ့...

"မြို့ထဲဘက် လျှောက်သွားကြည့်ရအောင်ကွာ..."

"ခင်ဗျား...ဘာလေ့လာချင်သေးလို့လဲ"

"ငါ... သူတို့ရဲ့ အကျင့်စာရိတ္တကို လေ့လာချင်တယ်"

"ကောင်းပြီလေ...၊ သွားကြမယ်"

တဲ့ မြို့ထဲဘက်ကို ကျွန်တော်တို့ ထွက်ခဲ့ကြပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



(၇)

မြို့ထဲကို မရောက်ခင်မှာ တောင်တစ်လုံးကို အရင်မြင်ရတယ်။ တောင်ပတ်လမ်းအတိုင်း လျှောက်ခဲ့ကြတယ်။

"ဟိုလူ့ကိုကြည့်စမ်း…"

နှစ်ယောက်လုံး တစ်ပြိုင်တည်း ပြောမိကြတယ်။ လူတစ်ယောက် ကျောက်တုံးကြီးတစ်လုံးကို တောင်ပေါ်သယ်လိုက်… တောင်အောက်ပြန်ချလိုက်… လုပ်နေတယ်။

"ကျွန်တော့်အထင် ပြောရရင်…"

"ငါ့အထင် ပြောရရင်…"



www.burmeseclassic.com

www.burmeseclassic.com









နှစ်ယောက်လုံး ပြိုင်တူပြောမိလို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြတယ်။ ပြီး…တပြိုင်တည်း ဆက်ပြောမိကြ ပြန်တယ်…။

"ဒီလူက *Sisyphus* ဖြစ်ရမယ်"

"ဒီလူဟာ စီစီဖတ်(စ်) ဖြစ်ရမယ်"

အတွေးချင်းတူလို့ နှစ်ယောက်လုံး ဘဝင်ကျသွားတယ်။

စီစီဖတ်(စ်)ဆိုတာက… ဂရိဒဏ္ဍာရီထဲက ဆင်းသက်လာတဲ့ ဘုရင်တစ်ပါးပါ။ ဒီယူ *Zeus* နတ်မင်းကြီးကို မခန့်လေးစားလုပ်မိလို့ ပြစ်ဒဏ်ကျနေတဲ့ သူပါ။ ကျောက်တုံးကြီးတစ်တုံးကို တောင်ထိပ် တွန်းတင်လိုက်၊ ရောက်သွားရင် တောင်အောက်ပြန်ချလိုက်၊ လုပ်နေ တဲ့ သူပါ…။

ဒါပေမယ့်… ကျွန်တော်သိထားပုံနဲ့ အခုမြင်ရပုံနဲ့တော့ နည်းနည်းလွဲနေတယ်။

"စကားပြောကြည့်ရအောင်ဗျာ…"

"အေး…နည်းနည်းမေးကြည့်ရအောင်"

ကျွန်တော်တို့နှစ်ယောက် သူ့ကို အော်မေးလိုက်ကြပါတယ်။

"ဟေ့လူ…၊ ခင်ဗျား စီစီဖတ်(စ်) မဟုတ်လား…"

သူက ကျွန်တော်တို့ မေးတာကို မကြားပါဘူး…။ သီချင်း



www.burmeseclassic.com

www.burmeseclassic.com



တကြော်ကြော်နဲ့ အလုပ်ဆက်လုပ်နေတယ်။

"အားမလျှော့နဲ့…ရောက်တော့မည်… ကြိုးစားတက်ပါ အတည်"

ကျွန်တော်တို့ နှစ်ခါသုံးခါထပ်အော်မှ သူကြားသွားတယ်။ ပြန်ဖြေတယ်…။

"ဟုတ်တယ်…၊ ကျုပ် စီစီဖတ်(စ်)ပဲ"

"ခင်ဗျား… ခု ကျောက်တုံးကြီးကို တောင်ပေါ်တင်နေတာ လား…"

"ဟုတ်တယ်လေ…မမြင်ဘူးလား"

"ဟင်…ခင်ဗျားဟာကလည်း စက်ကြီးနဲ့"

စီစီဖတ်(စ်)က ကျွန်တော်တို့ သွားဖြလေးနဲ့ ရယ်ပြပါတယ်။

"အဟီး…ဒါကတော့ဗျာ"

မိတ်ဆွေက ကျွန်တော့်ကို တီးတိုးပြောပါတယ်။

"ဒါ… သူ နတ်မင်းကြီးကို နှစ်ပေါက်တစ်ပေါက် ရိုက်တာ ပဲကွ"

စီစီဖတ်(စ်)က…

"သိပ္ပံခေတ်ကြီးမှာ ဒီလောက်တော့ ရှိမှာပေါ့ဗျာ…"

ကျွန်တော်က သိချင်တာကို လှမ်းမေးလိုက်တယ်…။





"ခင်ဗျား ဒီလိုလုပ်တာ နတ်မင်းကြီး မသိဘူးလား…"

စီစီဖတ်(စ်)က စိတ်ညစ်တဲ့အမူအယာပြတယ်။

"ဟာ…မပြောပါနဲ့တော့ဗျာ၊ သိသွားတာပေါ့…"

"သိတာကို ဘာမှ မလုပ်ဘူးလား…"

စီစီဖတ်(စ်)က 'ဟူး'ခနဲ လေပူကြီး မှုတ်ထုတ်တယ်…။ ပြီး… ဆက်ပြောတယ်။

"သိသွားလို့ ဟိုတလောကပဲ ကျွန်တော့်ကို 'ဆိံ'ဖြတ်လိုက် ပါရောလား…၊ ကျွန်တော့်စက် မောင်းမရတော့ဘူး"

"နို… အခု မောင်းနေတာကရော…"

"ဒါက… ကံစမ်းမဲ ပေါက်ထားတာကွ"

စကားအဆုံးမှာ သူ့စက်ကို မောင်းပြီး တောင်ပေါ်ဆက်တက် သွားပါတော့တယ်…။

ကျွန်တော်တို့ ခရီးဆက်လာကြရာမှာ တောအုပ်ငယ်လေး တစ်ခုကိုလည်း ဖြတ်ရပါသေးတယ်။ သစ်တောအရာရှိတစ်ယောက်နဲ့ ခဲလိုက်မှုဆိုးတစ်ယောက် စကားအခြေအတင်ပြောနေကြတာကို တွေ့တယ်။



www.burmeseclassic.com

www.burmeseclassic.com









သစ်တောအရာရှိက…

"ခင်ဗျားမှာ အမဲလိုက်ဖို့ လိုင်စင်ပါရဲ့လား…"

"ပါပါတယ်ခင်ဗျာ…"

မုဆိုးက သူ့လိုင်စင်ကို ထုတ်ပြတယ်။
သစ်တောအရာရှိက စစ်ဆေးတယ်။

"ဟင်…ခင်ဗျားလိုင်စင်က မနှစ်တုံးက လိုင်စင်ပဲ…"

မုဆိုးက လေပြေထိုးတယ်။

"ဟုတ်ပါတယ်…၊ ကျွန်တော်ပစ်တဲ့ တိရစ္ဆာန်တွေကလည်း
မနှစ်တုံးက လွတ်သွားတဲ့ အကောင်တွေပါ…"

သူတို့နှစ်ယောက် အခြေအတင် ဆက်ပြောကြပါတယ်။
နောက်ဆုံးမှာ သစ်တောအရာရှိက မုဆိုးကို ခေါ်သွားတယ်။
လမ်းကြုံနေတာနဲ့ ကျွန်တော်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်နောက်က ပါသွားတယ်။
နောက်မှ ကျွန်တော်တို့ သိလိုက်ရတယ်။
သစ်တောအရာရှိက မုဆိုးကို
မနှစ်ပ်ာ်ုးက ထောင်ဆီ ပို့လိုက်တာကိုး ...။
ဒီနှစ်လည်း အဲ့ဒီထောင်ပဲလေ ...။

""ဟိုးမှာလဲ ကြည့်ပါဦး ...""


တောင်တန်းဆီကို မိတ်ဆွေက ပြန်လက်ညှိုးထိုးပြတယ်။ တောင်တက်သမားလေးယောက်ကို တွေ့ရတယ်။

ကြည့်ရတာ မျက်စိ အမြင်ဆန်းနေတယ်။ ထူးခြားတယ် ထင်တဲ့အချက်ကိုလည်း ပြောလိုက်မိတယ် ...။

""တတိယလူက ဘယ်လိုဖြစ်နေတာလဲ ...""









www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ပေါက်ချွန်းမရှိတော့လို့ကွ…၊ သူ ဆက်မတက်နိုင်တော့မှာစိုးလို့ ကျန်တဲ့လူတွေက ကြိုးတုပ်ပြီး တွဲခေါ်သွားတာ"

ကျွန်တော်က သက်ပြင်းချမိတယ်…။

"ကြိုးကြီးတုပ်လို့ဗျာ၊ ကြည့်လို့ မြင်လို့ မကောင်းပါဘူး"

"ဘာမကောင်းစရာ ရှိလဲကွ၊ သူကတောင် အဲဒီလူတွေကို ကျေးဇူးတင်ရဦးမယ်…"

"အင်း…ကျွန်တော် တစ်ခုသိလိုက်ပြီ"

"ဘာသိတာလဲ…"

**"သြော်…ကျေးဇူးတရားဆိုတာ ကြိုးလိုတုပ်ထားတတ်တယ် ဆိုတာကိုပါ…"**

တရွေ့ရွေ့နဲ့ ကျွန်တော်တို့နှစ်ယောက် မြို့ထဲဘက် ရောက်လာခဲ့ကြတယ်။

"စည်တယ်နော်…"

"အေး… စည်တယ်"

"ပွဲတွေ လမ်းတွေလည်း ရှိသလိုပဲ…"

မိတ်ဆွေက နားစွင့်ထောင်လိုက်ပြီး…





"ငါတော့… ဘာသံမှ မကြားပါဘူး"

"မဟုတ်ဘူး…၊ ကျွန်တော်ကလည်း ဆိုင်းသံဗုံသံကြားလို့ ပြောတာ မဟုတ်ဘူး။ သူတို့ ဝတ်စားပြင်ဆင်လာပုံတွေကိုကြည့်ပြီး ပြောတာ…"

"ဟိုရှေ့မှာ လူတွေအုံလို့ပါလား…"

"အေးဗျ…၊ ထုံးစံအတိုင်း သွားကြည့်လိုက်ကြရအောင်"

အဲဒီနားကို ကျွန်တော်တို့ ရောက်သွားကြတယ်။ အနားရောက်မှပဲ သိတော့တယ်။

"ဟာ…နွားရိုင်းသတ်ပွဲပဲကွ"

"ဟာ…မကြည့်ချင်ဘူးဗျာ၊ စိတ်မချမ်းသာစရာကြီး"

အဲလိုပြောတာ ကျွန်တော့်အလွန် မဟုတ်ပါဘူး။ တွေ့ရတဲ့ နွားရိုင်းသတ်ပွဲကိုက ကျွန်တော့်မျက်လုံးထဲမှာ ထော်လော်ကန့်လန့် ဖြစ်နေပါတယ်။

ကြည့်လေ…။




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com









နွားရိုင်းသတ်ပွဲကို မကြည့်ဖြစ်ကြတော့ဘူး။ ခပ်လှမ်းလှမ်းမှာ ခဏထိုင်နားကြတယ်။ ကျွန်တော်က တိုးတိုးညည်းမိလေရဲ့ . . .။

"အနီရောင်ချင်းတောင် မတူဘူးဗျ . . . နော် . . ."

"ဘာမတူတာလဲ . . .၊ ဘာအနီရောင်လဲ . . ."

"သြော် . . . နွားရိုင်းသတ်သမားသုံးတဲ့ အဝတ်အနီရောင်နဲ့ သူနာပြုကြက်ခြေနီတွေရဲ့ တံဆိပ်အနီရောင်ကို ပြောတာပါ . . .။ ပြဒါးတစ်လမ်း သံတစ်လမ်းလိုပါပဲဗျာ . . ."

BURMESE CLASSIC .com

နှစ်ယောက်သား ဘာစကားမှ ဆက်မပြောဖြစ်ကြတော့ဘဲ ခဏတိတ်ဆိတ်သွားတယ်။ အတန်ကြာမှ ကျွန်တော်က . . .

"ကဲ . . . ခင်ဗျား ဘယ်ကို ဆက်သွားချင်သေးလဲ"

"ဘယ်ကိုဆက်သွားရမှန်းတောင် မသိဘူး"

"ဘာကို လေ့လာချင်သေးလဲ . . ."

"ငါကွာ . . . သူတို့ရဲ့အကျင့်စာရိတ္တတွေ ဘယ်ကဆင်းသက်တယ်ဆိုတာ သိချင်တယ် . . .။ သူတို့ရဲ့ ဒဿန၊ သူတို့ရဲ့ အတွေးအခေါ်ကို လေ့လာချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ…"

ကျွန်တော်တို့ 'အတွေးအခေါ်' ရုပ်ကြွက်ဘက်ကို ဦးတည်ခဲ့ကြတယ်။

သူတို့ရဲ့ အနေအထားတွေကိုကြည့်ပြီးတော့ သူတို့ရဲ့ အတွေးအခေါ်ကို ခန့်မှန်းရမှာပဲ…။ ဆွေးနွေးဖို့တော့ စိတ်မကူးပါဘူး…။

"ခင်ဗျားသဘောပါပဲဗျာ…"







(၈)





www.burmeseclassic.com

www.burmeseclassic.com

"အသေအချာ တွေးခေါ်နေတာကွ"

"အင်း…ဟုတ်တယ်"

ကျွန်တော်တို့လည်း သူ့အနားကတောင် ဖြတ်မလျှောက်ရဲဘူး…။ သူ့အတွေးတွေက ဆွေးမြေ့နေတဲ့ ကျမ်းတစ်စောင်ရဲ့ ကတ်ထူဖုံးကြီးလို ဘုတ်ခနဲ ကြွေကျလာမှာ စိုးလို့။

"ဒီနားကနေပဲ နည်းနည်း အကဲခတ်ရအောင်ကွာ…"

"ကောင်းပြီလေ…"

အဲဒီအချိန်မှာပဲ ကလေးငယ် တစ်ယောက်က အဲဒီလူရဲ့အနောက်ကို တိတ်တဆိတ် ချဉ်းကပ်ဝင်ရောက်တာကို တွေ့ရတယ်။


"ဟ..ဟ…ဒီကလေး ဘာလုပ်မလို့လဲ"

"သိဘူးလေ…"

အတွေးအခေါ်သမားကြီးကတော့ မသိရှာပါဘူး။ သူ့အတွေးနဲ့သူပဲ လူလုပ်နေတယ်။ ကောင်းကင်ကြီးလို တည်ငြိမ်ပြီး ပင်လယ်ကြီးလိုလည်း ဘောင်ဘင်တွေခတ်နေတယ် ထင်ပါရဲ့…။







ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်က သူ့အတွေးထဲက စာအုပ်ကို ဖျတ်ခနဲ ဆွဲယူလိုက်တယ်။

''ဟ…ဟ…ဟဲ့…''


ကလေးငယ်က စာအုပ်ကို သယ်ပြီး တချိုးတည်း ပြေးပါတော့တယ်။

''ဟေ…''

အတွေးအခေါ်သမားကြီးကလည်း ကလေးငယ်နောက်ကို တရှူးထိုး ပြေးလိုက်ပါတယ်။
ကလေးငယ်ကလည်း လှည့်မကြည့် စတမ်း ပြေးလေရဲ့။
အတွေးအခေါ်သမားကြီးခမျာမှာ မမီလိုက်ရှာပါဘူး။









www.burmeseclassic.com

www.burmeseclassic.com



စာအုပ်နဲ့အတူ ကလေးငယ် လွှတ်မြောက်သွားတယ်…။

အတွေးအခေါ်သမားကြီးခမျာမှာ အူကြောင်ကြောင်ဖြစ်ပြီး ကျန်ရစ်ရှာတယ်။ ကျွန်တော်က သိပ်မသနားလှ၊ ရယ်ချင်ပက်ကျိ ဖြစ်နေမိတယ်။ မိတ်ဆွေကတော့ အတွေးခေါ်သမားကြီးကို ရှေ့မျက်နှာနောက်ထားပြီး ရောသောပေါသော သွားလုပ်လေရဲ့…။

"တော်တော်ဆိုးတဲ့ ကလေးပဲဗျာ…"

"အေးဗျာ… ဟုတ်ပါရဲ့၊ အတွေးတွေတောင် မှိန်သွားပြီ"

"ဒါထက်… ဆရာကြီး အကြိတ်အနယ်စဉ်းစားနေတဲ့ အဲဒီစာအုပ်က ဘာစာအုပ်များလဲဗျ"

အတွေးအခေါ်သမားကြီးက သက်ပြင်းသဲ့သဲ့ချတယ်။

"မသိချင်ပါနဲ့ဗျာ…၊ အရှမ်းတွေးခေါ်ရခက်တဲ့ စာအုပ်တစ်အုပ်လို့ပဲ မှတ်ထားလိုက်ပါ…"

အတွေးအခေါ်သမားကြီးက စကားပြောချင်စိတ် သိပ်ရှိပုံမပေါ်ဘူး။ ကျွန်တော်တို့လည်း အလိုက်တသိနဲ့ ကိုယ့်လမ်းကို ဆက်ထွက်ခဲ့တယ်။

လမ်းထိပ်မှာ စာအုပ်ဆွဲပြေးတဲ့ ကလေးငယ်ကို တွေ့လိုက်ကြပါတယ်။ မိတ်ဆွေက…

"မင်းကွာ… တော်တော်နောက်တဲ့ကလေးပဲ၊ ဘာကိစ္စ





သူ စဉ်းစားနေတဲ့စာအုပ်ကို ဆွဲပြေးရတာလဲ…"

ကလေးငယ်က ဘုကြည့် ပြန်ကြည့်ပါတယ်။

"ဦးလေးကြီး ဘာသိလို့လဲ…၊ အဲဒါ ကျွန်တော့်စာအုပ်ဗျ"

"ဟေ…"

မိတ်ဆွေရဲ့မျက်လုံးက အံ့သြမှုတွေနဲ့ ခါးကုန်းသွားတယ်။ အတွေးအခေါ်သမားကြီးကတောင် အရှမ်းတွေးခေါ်ရခက်တယ်လို့ ပြောခဲ့တဲ့စာအုပ်ဟာ ဒီကလေးငယ်ရဲ့စာအုပ်ဆိုတော့ သူ အံ့သြတာ အပြစ်တော့ မဟုတ်ပါဘူး။

"အဲဒါ… မင်းစာအုပ်၊ ဟုတ်လား…"

"ဟုတ်တယ်…၊ ကျွန်တော့် ကျောင်းသုံးစာအုပ်"

"ဟေ…"

မိတ်ဆွေက ကျွန်တော့်ကို လှည့်ကြည့်ပါတယ်။ ကျွန်တော် မသိချင်ယောင်ဆောင်နေလိုက်တယ်။ ကလေးငယ်ကို သူ ဆက်မေးလေရဲ့…။

"အဲဒါ…မင်းရဲ့ကျောင်းသုံးစာအုပ် ဟုတ်လား…၊ ဘယ်လိုစာအုပ်လဲ…၊ ဘာစာအုပ်များလဲ…"

"ရေးတောင် မရေးရသေးပါဘူးဗျာ၊ ဗလာစာအုပ်ပါ…"

စကားအဆုံးမှာ ကလေးငယ်ထွက်သွားတယ်…။ မိတ်ဆွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက မှဲ့မှဲ့ကြီးဖြစ်သွားတယ်… တစ်ကိုယ်တည်းလည်း ညည်းတွားတယ်… ရယ်လည်း ရယ်တယ်။

''ဪ… အတွေးအခေါ်သမားကြီးက ဗလာစာအုပ်အကြောင်း စဉ်းစားနေတာကိုး…၊ စာအုပ်ထဲမှာ ဘာမှ ရေးမထားလို့ သူ အတွေးရ ကြပ်နေတာကိုး…၊ ဟိုးဟိုးဟိုး…''

အောင်မြင်ခန့်ညားတဲ့ သူ့ရယ်သံကြီးနဲ့အတူ ကျွန်တော်တို့ဟာ ဒဿနရပ်ကွက်ထဲကို မစို့မပို့ ဝင်မိရက်သား ဖြစ်နေပါပြီ။

အိမ်တစ်အိမ်ဘေးနားကအဖြတ်မှာ ကမ္ဘာကျော်ပန်းချီကားတစ်ချပ်ကို နံရံထက်မှာ မြင်လိုက်ရပါတယ်။ အဲဒီပန်းချီကားရဲ့ ရှေ့မှောက်မှာလည်း… သိပ္ပံဒဿနပညာရှင်လို့ ယူဆရတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်…။

''ဟေ့ကောင်၊ ဟိုမှာ မိုနာလီဇာ ပန်းချီကားကွ…''

''အင်း…မြင်သားပဲ၊ သူ့ထက်စာရင် သူ့ရှေ့ကလူကြီးကို ကျွန်တော် ပိုစိတ်ဝင်စားတယ်…''

''အေး…ငါလည်း အဲလိုပဲကွ''

''အဲဒီလူကြီး ဒီပန်းချီကားကို ဘာလုပ်မလို့လဲ မသိဘူး''

''သူ့လက်ထဲမှာကိုင်ထားတာ ဘာပုလင်းလဲ မသိဘူး''

''အင်း…ပန်းချီကားကို သူ ဌမ်းနဲ့သုတ်တော့မယ်ထင်တယ်''





www.burmeseclassic.com

www.burmeseclassic.com





ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟော...ဟော... လုပ်ပြီ"

ကျွန်တော်တို့ ပြောလို့မှ မဆုံးသေးပါဘူး...၊

လူကြီးမင်းက

မိုနာလီဇာကို

သူ့လက်ထဲက ဗွမ်းနဲ့

အတင်းသုတ်ပါတော့တယ်။

အမှတ်မထင်ဆက်ကြည့်နေမိရင်းက

အမှတ်ထင်ထင် ဖြစ်ရပ်တစ်ခုကို

ကြုံကြရပါတော့တယ်။

"ဟ... မိုနာလီဇာက ပြုံးလာတယ်ကွ"

"ဟာ...အေးလေ...ဟုတ်ပ"









www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းလှတဲ့ မြင်ကွင်းပါပဲ…။ ဘယ်လိုမှ မနေနိုင်တော့တဲ့အတွက် လူကြီးမင်းဆီ ကျွန်တော်တို့ တိုက်ရိုက်မေးလိုက်ရပါတယ်။

"ဆရာကြီး ဘယ်လိုများ လုပ်လိုက်တာများလဲဗျာ…"

သူက ခန့်ခန့်ကြီး လှည့်ကြည့်ပြီး မိန့်မိန့်ကြီး ပြန်ဖြေပါတယ်။

"သူ့အပြုံးကို… စင်ကြယ်အောင် လုပ်ပေးလိုက်တာ…"

"ဗျာ…"

ကျွန်တော်တို့ နားမလည်သေးမှန်းသိလို့ သူက ဆက်ရှင်းပြပါတယ်။

"မိုနာလီဇာက အစတည်းက ပြုံးနေတာပဲ…"

"ဟုတ်ကဲ့…"

"ဒါပေမယ့် သူ့အပြုံးက မစင်ကြယ်ဘူး…"

"ဟုတ်ကဲ့… ဘယ်လိုများဖြစ်လို့လဲ ခင်ဗျ"

"သူ့အပြုံးမှာ… အောက်စီဂျင်အားနည်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်တွေ ရောပါနေတယ်…"

"ဗျာ…"

"သြော်…ဟုတ်လား…"

ကျွန်တော်တို့နှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်ရပါတယ်။ ကျွန်တော်တို့ရဲ့ ဟောင်းလောင်းပွင့်နေတဲ့ ပါးစပ်တွေကို





တစ်ချက်စိုက်ကြည့်ပြီး… ခေါင်းတစ်ချက်ညိတ်ပါတယ်။ တိုးတိုးလေး ရေရွတ်တယ်…။

"အင်း…လောကကြီးကလည်း ဆန်းကြယ်ပါတယ်လေ…"

"ဘယ်လိုဖြစ်လို့လဲ… ခင်ဗျ"

"မောင်ရင်တို့ရဲ့ ပါးစပ်တွေကိုကြည့်ပြီး… ကျုပ် အတွေး တစ်ချက် ရလိုက်လို့…"

"ဟင်… ဘာဖြစ်လို့လဲ ခင်ဗျ"

"သြော်…ကျုပ်စဉ်းစားလိုက်မိလို့ပါ၊ လူမှာ သုံးဆယ့်နှစ်ချောင်းရှိတဲ့ သွားတွေက ဘာသံမှ မထွက်အောင် တိတ်တိတ်ကလေး နေကြသလောက် တစ်ချောင်းတည်းရှိတဲ့လျှာက တော်တော်စကားများပါလား ဆိုတာကိုပါ…"

"ဟင်…ဟုတ်ပါရဲ့"

"ပညာရှိပီသပါပေတယ် ဆရာကြီးရယ်…၊ ပြောင်မြောက်ပါပေတယ်…"

"ခု… ဒီ မိုနာလီဇာကို… ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်တွေ ဖျက်ပြီး၊ အောက်စီဂျင်သန့်သန့်ဖြစ်အောင် ပြုပြင်ပေးလိုက်တယ်။ မောင်ရင်တို့ မြင်တဲ့အတိုင်းပဲ…၊ သူ့အပြုံးက ပိုပြုံးလာတယ်။ ဆွဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာမြင်ရင် ကျုပ်ကို လက်ဆွဲနှုတ်ဆက်လိမ့်မှာ သေချာတယ်။ ဟဲ…ဟဲ…ဟဲ…"

ကျွန်တော်တို့လည်း လိုက်ရယ်မိလိုက်ကြပါတယ်။

"ဟား…ဟား…ဟား…"

"ဟီး…ဟီး…ဟီး…"

ပြီး…လှူကြီးမင်းရဲ့ရှေ့က ခွာလာခဲ့ကြတယ်။

လျှောက်လာကြရင်းနဲ့ အမြင်ဆန်းတဲ့ တိုက်တာအိမ်ခြေတွေ ရှိရာဘက်ကို ရောက်လာတယ်။ မြေပုံကို ငုံ့ကြည့်ပြီး ကျွန်တော်က မိတ်ဆွေကို ပြောပြလိုက်တယ်။

"ဒါ…သိပ္ပံဒဿနပညာရှင်တွေနေတဲ့ အစုပေါ့"

"သြော်…သြော်…"


လာရင်းရည်ရွယ်ချက်အတိုင်း စပ်စပ်စုစုလိုက်ကြည့်ရင်း သဘောကျစရာကောင်းတဲ့ မြင်ကွင်းကို မြင်ရပြန်လေတယ်။

"ဟော…ဟိုမှာ…"

"အင်း…တွေ့တယ်"









www.burmeseclassic.com

www.burmeseclassic.com



စက်ရုပ်တစ်ရုပ်နဲ့ လူတစ်ယောက် ကျောချင်းကပ်ထိုင်နေကြတယ်။ စက်ရုပ်ကစာဖတ်ပြီး လူက တီဗွီကြည့်နေလေရဲ့…။

လူဆီက ဘာသံမှ မကြားရဘူး။ စက်ရုပ်က စာဖတ်ရင်း ရေရွတ်နေလေရဲ့…။

မြန်မာပြည်က သီချင်းပဲ…

"ဂန္ဓမာတောင်၊ လိုဏ်ချောင်မုတ်နန်း၊ ဂူငယ်တွင်၊ မွေးတကြုံကြုံ မချွတည့် နတ်ပန်းပင်…။ အင်း… ဒီစာအုပ်မှာ ရေးထားတာ တစ်မျိုးပါလား…။ ရေးသူကို…'မြဝတီမင်းကြီးဦးစ' တဲ့…။ ဟိုတလောကဖတ်တဲ့ ကျမ်းမှာတော့ 'ရွှေတိုက်စာရေး ဦးမင်း' ရေးတယ်လို့ ဆိုထားတယ်။ တစ်နေ့ကပဲ မိတ်ဆွေကြီး *KG-28* ကတော့ 'သံတော်ဆင့် ဦးအောင်ပန်း' ရေးတယ်လို့ အခိုင်အမာပြောပြန်ရော…။ *MK-14* ကကျတော့ 'ဖေယပတော့' ရေးတယ်ဆိုပြီး အထောက်အထားတွေနဲ့ တင်ပြတယ်။ အင်း…စဉ်းတော့ စဉ်းစားစရာပဲ၊ အနုပညာဆိုင်ရာ စက်ရုပ်များ နီးနှောဖလှယ်ပွဲမှာတော့ ကြည့်ကောင်းဦးမယ် ထင်တယ်…"

ကျွန်တော်တို့မှာ ကိုယ့်နားတောင် ကိုယ်မယုံပါဘူး။ ခြေဖျားလေးထောက်ပြီး…၊ သူ့ အနှောင့်အယှက်မဖြစ်အောင် ကိုယ့်လမ်းကိုယ် ဆက်လျှောက်ခဲ့ပါတယ်…။





"ဟော့ကောင်…"

"ဗျ…"

မိတ်ဆွေက သူ့ဆန္ဒကို လေသံတိုးတိုးနဲ့ ဖွင့်ဟပါတယ်။

"ငါ သိပ္ပံရုပ်ကွက်ဘက်ကို ရောက်ချင်ပြီ…"

"အင်း…ခင်ဗျားရဲ့ စိတ်ဝင်စားမှုက နယ်ပြောင်းသွားပြန်ပြီ၊ သွားလေ… ဒီဘက်က ထွက်ကြမယ်၊ လာ…"

အဲဒီလိုနဲ့ သိပ္ပံရုပ်ကွက်ဘက်ကို လျှောက်ခဲ့ကြတယ်။

အဲဒီလိုနဲ့…

သိပ္ပံရုပ်ကွက်ဘက်ကို ရောက်ခဲ့ကြပါလေရော…။





www.burmeseclassic.com

www.burmeseclassic.com



(၉)

သိပ္ပံရုပ်ကွက်ရဲ့အဝင်ဝမှာ ဆေးကုခန်းတစ်ခုကို တွေ့ရပါတယ်။ စက်ရုပ်က စက်ရုပ်ကို ပြန်ကုပေးနေတာပါ။ မြင်ရခဲတဲ့ မြင်ကွင်းမို့လို့ ထုံးစံအတိုင်း ကျွန်တော်တို့ ရပ်ကြည့်လိုက်ကြတယ်။

ဆရာဝန်စက်ရုပ်က လူနာစက်ရုပ်ကို မေးတယ်…။

"အခုရော… နေရထိုင်ရတာ ဘယ်လိုနေလဲ…"

လူနာစက်ရုပ်ရဲ့ ပြန်ဖြေသံက အားနည်းတုန်ဖျော့နေတယ်။


"ဟုတ်ကဲ့… နည်းနည်းတော့ သက်သာလာပါပြီ ဒေါက်တာ…"

ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com









ဆရာဝန်စက်ရုပ်က သက်ပြင်းချပြီး ဆက်ပြောတယ်။

"ခင်ဗျားသတိထားဖို့ ကျွန်တော်တစ်ခုပြောမယ်…"

"ဟုတ်ကဲ့… ပြောပါ ဒေါက်တာ…"

"ဆင်ခြင်ဖို့ပါ…"

"ဟုတ်ကဲ့ ဆင်ခြင်ပါ့မယ်…၊ ဒေါက်တာ ပြောပါ"

"လူတွေနဲ့ သိပ်မပေါင်းနဲ့ဗျ…"

"ဟုတ်…ဟုတ်ကဲ့ဒေါက်တာ၊ ကျွန်တော်လည်း သင်ခန်းစာရပါပြီ…"

**"အင်း… ကောင်းတယ်၊ အဲလိုပဲ သင်ခန်းစာ ယူတတ်ရမယ်၊ လူတွေနဲ့ ဆက်ပေါင်းနေဦးမယ် ဆိုရင်တော့ အခုလိုပဲ ခင်ဗျားနောက်ကျောကို ဓားနဲ့ ထပ်အထိုးခံနေရဦးမှာပဲ…"**

"ဟုတ်ကဲ့ပါ ဒေါက်တာ…၊ ကျွန်တော်လည်း ရှေ့လျှောက် သတိကြီးကြီး ထားပါတော့မယ်"

"အေးဗျာ… အဲဒါပါပဲ၊ ဒါပေမယ့် ခင်ဗျား ကလဲ့စား လည်း ချေမနေပါနဲ့တော့…သံသရာရှည်နေလိမ့်မယ်၊ စက်ရုပ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သည်းခံ ခွင့်လွှတ်နိုင်ရတယ်...”

“ဟုတ်ကဲ့ပါ ဒေါက်တာ...”

ကျွန်တော်တို့နှစ်ယောက်လုံး အဲဒီဆေးခန်းရှေ့ကနေ ခပ်သုတ်သုတ် ထွက်ခဲ့ကြရတယ်။

ကျောခိုင်းလာခဲ့ရပေမယ့် ကျောလုံပါတယ်။

သူတို့ရဲ့လက်ထဲမှာ ဝှက်ထားတဲ့ ဓားတွေမှ မရှိဘဲ...။

လမ်းကွေ့တစ်ခုမှာ ထိပ်အိမ်ထဲက အော်သံတွေကို ကြားရပါတယ်။

“ဟေ့...ဘီ ၁၂၃၁၉”

“ခင်ဗျာ...”


“ဒီကိုလာစမ်း...”

“ဟုတ်ကဲ့... လာပါပြီ...”

ထမင်းစားပွဲက ပုဂ္ဂိုလ်ကြီးတစ်ယောက်က လှမ်းခေါ်တာပါ။ ဘီ ၂၃၁၉ ဆိုတဲ့ စက်ရုပ်က ရှိ့ရှိ့ကလေး ရောက်လာတယ်...။









www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးက ဒေါနဲ့မောနဲ့ ပြောတယ်။

“ငါက ဒါတွေကို စားရမှာလား”

“သခင့်သဘောပါပဲ…”

ပုဂ္ဂိုလ်ကြီး ပိုပြီး ဒေါကန်သွားတယ်။

“ဘာကွ”

ဘီ-၁၂၃၁၉ ကတော့ မျက်နှာသေလေးနဲ့ပေါ့…။

ရှင်းပြရှာတယ်။

“စားကြည့်ပါဦး သခင်…၊

ပြီးမှ ကျွန်တော့်ကို အပြစ်တင်ပါ…”

“ဒါ… မင်း ဘာသဘောလဲကွ”

“ဒီလိုပါသခင်…၊

သခင့်ပန်းကန်ထဲက စက္ကူတွေက

ဝါးက ထွက်တာပါ။ မျှစ်ကလည်း ဝါးကထွက်တာပါပဲ။

ဒါ… မျှစ်အရသာရှိတဲ့ စက္ကူတွေပါ၊

စားလို့ အဆင်ပြေမှာပါ…”

ကျွန်တော်တို့လည်း ဆက်လျှောက်လာခဲ့ကြတယ်။

လမ်းမတစ်နေရာမှာ လူတစ်ယောက်နဲ့ တွေ့တယ်။

မိတ်ဆွေက…





“ဒီရပ်ကွက်မှာ သိပ္ပံပညာ အတော်တိုးတက်တာပဲနော်…”

“ဟုတ်တယ်…၊

လူတွေလည်း စက်နဲ့ပဲ အလုပ်လုပ်ကြတယ်”

မိတ်ဆွေက အားမနာ ပါးမနာ ဆက်မေးတယ်။

“လူတွေရဲ့စွမ်းရည် ကျမကုန်ဘူးလား…”

“ဘာလို့ ကျရမှာလဲ…”

“အတွေးအခေါ်တွေ စိတ်စွမ်းသတ္တိတွေလေ…”

“အို…ဘာလို့ကျရမှာလဲ၊ မကျပါဘူးဗျ”

အဲဒီအချိန်မှာပဲ…


ကွန်ပျူတာနဲ့ အမေးအဖြေလုပ်နေတဲ့

ကျောင်းသားလေးတစ်ယောက်ကို

တွေ့ရတယ်…။



www.burmeseclassic.com






www.burmeseclassic.com



အဲဒီမြင်ကွင်းကြောင့် မိတ်ဆွေက စကားတစ်ခွန်း ထောက်တယ်။

"ဟိုမှာကြည့်ပါဦး…၊ နှစ်နဲ့နှစ်ပေါင်း ဘယ်လောက်လဲဆိုတာ ကွန်ပျူတာကို မေးနေရတယ်၊ ကိုယ့်ဘာသာကိုယ် မတွက်နိုင်ဘူးလား…"

"အဲ…"

တစ်ဘက်သားမှာ အဖြေရ ကြပ်ရှာပြီ…။

"ခင်ဗျားပြောတော့ လူ့စွမ်းရည်တွေ မကျဆင်းပါဘူးဆို…"

မိတ်ဆွေရဲ့စကားကြောင့် တစ်ဘက်လူမှာ မျက်နှာကြီး နီလာတယ်။

"မဆိုင်ပါဘူးဗျာ…၊ အခု ဒီကျောင်းသားလေးကကို ညံ့လွန်းတာပါ၊ ဒီလောက်မေးခွန်းကို ကွန်ပျူတာဆီ မေးနေစရာ မလိုပါဘူး။ နှစ်နဲ့နှစ်ပေါင်း သုံးဆိုတာ လူတိုင်းသိတာပဲ"

စကားအဆုံးမှာ နှာခေါင်းကြီး ရှုပွစုပွနဲ့ ထွက်သွားပါတော့တယ်။

ကျွန်တော်တို့က ကွန်ပျူတာရှေ့မှာရှိတဲ့ ကျောင်းသားလေးဆီ ရောက်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာက ကျောင်းသားလေးကို အဖြေတွေ ထုတ်ပေး ပြီးပါပြီ။

ဒါပေမယ့် ကျောင်းသားလေးခမျာ အဖြေမှန်ကို ရွေးလို့ မရသေးပါဘူး။

၂ + ၂ = ၁ + ၃

၂ + ၂ = ၅ - ၁

၂ + ၂ = $၂^{၂}$

၂ + ၂ = ၁၆ ÷ ၄

၂ + ၂ = ၂ × ၂

"ဟော့…ကလေး"

"ဗျာ…"

"ဘယ်လိုလဲကွ…၊ ခုထက်ထိအဖြေမရသေးဘူးလား…"

ကျောင်းသားလေးက ကျွန်တော်တို့ကို လှည့်မကြည့်အား ဘူး။ အဖြေစာရွက်တွေရှေ့မှာ သူ့ခေါင်းကို တဖြင်းဖြင်းကုတ်တယ်။

"စက်ပျက်နေလား မသိပါဘူးဗျာ…၊ ခုထိ အဖြေမရဘူး"

"ဒါတွေက အဖြေတွေ မဟုတ်ဘူးလား…"





"မဟုတ်ဘူး…၊ အဲဒီအဖြေတွေ မှားနေတယ်လို့ ကျွန်တော် သူ့ဆတယ်"

"ဟော…"

ကျွန်တော်တို့နှစ်ယောက်၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။

မိတ်ဆွေက…

"ဘာဖြစ်လို့လဲကွ…၊ ဆိုစမ်းပါဦး…"

ကျောင်းသားလေးက သူ့မျက်မှန်ကို ပြင်တပ်လိုက်တယ်။ မျက်မှန်ထဲက မျက်လုံးအစုံနဲ့ ကျွန်တော်တို့ကို 'ရှုံ'ကြည့်တယ်။

"ဦးလေးကြီးတို့ စဉ်းစားကြည့်ဗျာ…"

"အေး…ဆိုစမ်းပါအုံး"

"တစ်နဲ့တစ်ပေါင်းရင် နှစ်မဟုတ်လား"

"အေး…ဟုတ်တယ်လေ"

"အဲဒါဆို… အစဉ်လိုက်အတိုင်း သွားရမှာပေါ့ဗျ၊ နှစ်နဲ့နှစ် ပေါင်းရင် 'သုံး'ဖြစ်ရမှာပေါ့…၊ သုံးနဲ့သုံးပေါင်းရင် 'လေး'ဖြစ်ရမှာ ပေါ့၊ မဟုတ်ဘူးလား…"

"ဟော…အော်…အေး…"

မိတ်ဆွေက အိုးတိုးအမ်းတမ်းဖြစ်သွားတယ်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားလေးရဲ့စကားကို ဖြည့်ပေးလိုက်တယ်။

"အေး…ခုနက လူတစ်ယောက်ကလည်း မင်းလိုပဲ ပြောသွားဘယ်။ နှစ်နဲ့နှစ်ပေါင်းရင် 'သုံး' တဲ့…။ မင်းလောက်တော့ မပြည့်စုံဘူး၊ သုံးနဲ့သုံးပေါင်း လေးဆိုတာတွေ အစဉ်လိုက်သဘော ဆိုတာတွေ မပါဘူး၊ မင်းကတောင် သူ့ထက် ပိုမြင်တတ်သေးတယ်"

"အဟဲ…"

ကျောင်းသားလေးက သူ့ကော်လာကို ပင့်တင်လိုက်တယ်။

ကျွန်တော်တို့နှစ်ယောက် အရုပ်မြို့တော်ထဲမှာ ကိုယ့်ခြေထောက်တွေနဲ့ ကိုယ်ပဲ ဆက်လျှောက်နေကြတယ်။

"ဟော့ကောင်…"

မိတ်ဆွေက ကျွန်တော့်ကို စကားပြောဖို့ အသံပြုပါတယ်။

"အင်း…ပြော…"

"မင်း… ဘယ်လိုမြင်လဲ"

"ဘာကိုလဲ…"

"ဒီရုပ်ကွက်ကလေးတွေရဲ့ ဉာဏ်ပညာအနေအထားကိုလေ"

"ဘယ်လိုပြောရမလဲကောင် မသိပါဘူးကွာ…၊ မပြောတတ်တော့ပါဘူး…"

"တစ်ခုတော့ ရှိတယ်ကွ…"





"အင်း…ပြော…"

"လူက စက်ကို ခိုင်းနေနိုင်တယ်ဆိုတဲ့ အနေအထားကတော့ အင်မတန်ကောင်းတဲ့ အနေအထားပါပဲ…"

သူ့စကားကို ထောက်ခံဖို့အတွက် ကျွန်တော် အဆင်သင့် မဖြစ်ဘူး၊ ခေါင်းရှုပ်ထွေးပြီး ချီတုံချတုံ စဉ်းစားနေဆဲမှာ အသံတစ်သံ ကြားလိုက်ရတယ်။

"ဟုတ်တာပေါ့ဗျာ… ဟုတ်တာပေါ့၊ လူက စက်ကိုခိုင်းနိုင်တယ်ဆိုတာ အင်မတန်ကောင်းတဲ့ အနေအထားပေါ့…"

လမ်းနံဘေးအလုပ်ခန်းတစ်ခုထဲက ထွက်လာတဲ့အသံပါ။ မိတ်ဆွေရဲ့စကားကို ထောက်ခံတဲ့အသံပါ…။ ဒါပေမယ့် မသင်္ကာစရာ ကောင်းနေတယ်။

အသံက အောက်ဘက်ယွန်းယွန်းဆီက ထွက်လာတာပါ။ လှမ်းကြည့်လိုက်တော့ မြင်ရတယ်။ လူတစ်ယောက်ရယ်… အလုပ်လုပ်နေတဲ့ စက်ရုပ်တစ်ရုပ်ရယ်…။


ဒါပေမယ့်…



www.burmeseclassic.com

www.burmeseclassic.com









ကျွန်တော်က 'ဘယ်လိုလဲ' ဆိုတဲ့ မျက်နှာအမူအရာမျိုးနဲ့ မိတ်ဆွေကို လှည့်ကြည့်တယ်။ မိတ်ဆွေက နှစ်နဲ့နှစ်ပေါင်း သုံးဆိုတဲ့ မျက်နှာအမူအရာမျိုးနဲ့ ပြုံးပြတယ်။ ပြီး...

"ဒီရပ်ကွက်ကနေ ထွက်ကြပါစို့ကွာ..."

"သင့်မြတ်ကြောင်းပါ..."

မိတ်ဆွေက သူ့ ပြင်သစ် ကဇာတ်ထဲကစာသားတစ်ကြောင်းကိုလည်း မချိသွားဖြဲ ရွတ်ဆိုလေရဲ့...။

"ဒါဟာ အိပ်မက်ပဲ...၊ ကြေကွဲမှုတွေဖြစ်မလာခင်
ဒီ အိပ်မက်ကို ဆက်မက်ကြစို့..."





www.burmeseclassic.com

www.burmeseclassic.com



(၁၈)

လျှောက်လိုက်ကြတာ… ဘယ်နေရာရောက်နေမှန်းတောင် ကိုယ့်ကိုယ်ကို သတိမထားမိကြပါဘူး။ နောက်မှ ကောင်းကင်ပေါ်က ငှက်တွေရယ်…၊ ဟိုထောင့်ဒီထောင့်က ကြားလိုက်ရတဲ့ တိုးတိုးကျွတ်ကျွတ် အသံတွေရယ်ကြောင့် သတိထားမိလိုက်တယ်…။

"ဟော့လူ… ဟိုမှာ… ငှက်တွေကို ကြည့်စမ်း"

"အေး… မြင်တယ်ကွ၊ သူတို့စာလုံးဖော်ပြီး ပျံနေတာ"

"ဘယ်သူ့ကို ပျံပြတယ် ထင်လဲ…"


"ငှက်ပစ်သမားကိုပေါ့ကွ…"

ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com












ငှက်တွေက *"We See You"* 'မင်းကို ငါတို့မြင်တယ်'လို့ စာသားဖော်ပြီး ပျံပြနေတာပါ။

ငှက်ပစ်သမားခများလည်း ကသိကအောက် ဖြစ်နေရှာတယ်။

ဒါပေမယ့်…

သူ့အပြင် တခြား ကသိကအောက်ဖြစ်နေသူတွေရဲ့ အသံတွေကိုလည်း ကြားရတယ်။

["ဟင်…ဟိုမှာကြည့်ပါဦး…၊ ဒီကိုမြင်တယ်လို့ ပြောနေတယ်…၊ ဖယ်…ဖယ်…လူကြီး သိပ်ကဲမနေနဲ့၊ ခစ်ခစ်…"][၃၆]

အတွဲပေါင်းများစွာ လှုပ်လှုပ်ရှားရှားဖြစ်သွားရတဲ့ အနေအထားပါပဲ…။

"ဟော့ကောင်…"

"ပြော…"

"ခုမှပဲ သိတော့တယ်…"

"ဘာလဲ…"

"ငါတို့ရောက်နေတာ ချစ်သူနယ်မြေကွ…"

ကျွန်တော်လည်း နည်းနည်းအတွေးရ ကြပ်သွားတယ်။

"ခင်ဗျား လေ့လာချင်သေးလား…"

"အင်း…လေ့လာချင်တာပေါ့…"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အတွေးရကြပ်တာလဲ အဲဒီကိစ္စပါပဲ။

"ကြည့်လည်းလုပ်ဦး…၊ ခင်ဗျားက ဘယ်လိုလေ့လာမှာလဲ၊ အတွဲလိုက်ချောင်းရမှာလား…"

လက်နဲ့ အပွတ်ခံရတဲ့ ပူဖေါင်းလို သူ ဗလုံးဗထွေးဖြစ်သွားပါတယ်။

"အင်…အဲလိုတော့ ဘယ်ဟုတ်မလဲကွာ…"

"ဘယ်လိုလုပ်မှာလဲ…"

"ဒီလိုပဲ… ကိုယ့်လမ်းကိုယ်လျှောက်ရင်း တစေ့တစောင်း လေ့လာသွားကြတာပေါ့…"

"အင်း…ကောင်းပြီလေ"

ကိုယ့်လမ်းကိုယ်လျှောက်ပြီး ကိုယ့်မျက်လုံးနဲ့ကိုယ် လိုက်ကြည့်ကြရပါတယ်။

ကိုယ့်အတွေးနဲ့ကိုယ်…


ကိုယ့်ဗီလင်နဲ့ကိုယ်…

ချိန်ခြိန်နေကြပါရဲ့…။

တချို့လည်း ခုမှ ရည်းစားစကား စပြောကြရဲ့ ရှိသေးတယ်။









www.burmeseclassic.com

www.burmeseclassic.com



စက်ရုပ်ဖိုက…

"တို့ကိုချစ်ရင်…ဒီပန်းလေးတွေ ပန်ဆင်ပါကွယ်…"

"မစောလွန်းဘူးလား…ရှင်ရယ်…"

စက်ရုပ်ဖိုက မလှမ်းမကမ်းက လျှောက်
လာနေတဲ့ ကျွန်တော်တို့ကို အစိပ္ပါယ်
ပါပါ လှမ်းကြည့်ရင်း…

"တော်ကြာ… သူများဦးသွားမှာ စိုးတယ်…"
စက်ရုပ်မက…နွဲ့ပြတယ်။

"အို…ကွယ်…"

ကျွန်တော်က 'ခံရတာပဲ' လို့ တီးတိုးပြောတော့ မိတ်ဆွေ
ကလည်း…

"အေးလေ…၊ သူ့စက်ရုပ်မကို ငါတို့က ဘာလုပ်ရမှာ
လဲ…" လို့ ပြန်ပြောပါတယ်။

တစ်နေရာရောက်တဲ့အခါ တေးထပ်ရှတ်သံတစ်ခုကို ကြားရ
တယ်။









www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်နေရတာက လူ တစ်ယောက်… သူ့အိပ်မက်တွေ ပန်းပွင့်နဲ့ခဲ့ဆောက်မလို့ ထင်ပါရဲ့…။

တေးထပ်ရှုတ်သံက သူ့ဆီက ပျံ့လွင့်လာနေတာပါ။

သူချစ်သူကို ရည်ရွယ်ပြီး ပန်းတွေ ခူးနေတာ ဖြစ်မှာ…။

အမှန်တော့ သူတို့ အရပ်ဘာသာ ဗေဒနဲ့ ဖွဲ့ဆိုထားတဲ့ ကဗျာပါ…။

ဆီလျော် ကိုက်ညီမယ့် မြန်မာ ကဗျာတစ်ပုဒ်ကို အစားထိုး ဖော်ပြလိုက်တာပါ။

*"ကောင်း ခြောက်ဆယ်လေးရပ်*
*သွေးထပ်ထပ်ရပ်ညီ*
*ရှေးနိပါတ်ထုတ်မှီသည်*
*ဖုဿတီထွတ်ထား*
*ပိမ္မာနှုတ်ကိန္နရီလို*





*တသီဂီရီးတော့မများ*
*ဥမ္မာဒရုစာမယ်နှယ်*
*နုရှာတယ်အသား*
*သမုန္ဒယ်နှုတ်ဖျားက*
*ပဒ္ဒုမြားသဖွယ်*
*ကြယ်ဥဂ္ဂါညှဉ့် ရောင်မီးလိုပ*
*ခင့် မောင်ကြီး ထင်လိုက်လှပါတော့တယ်*
*မြင့်ဆောင်ထီးညှောင်လယ်မှာ*
*ရှုစဖွယ်ပဝင်းလို့*
*လမင်းထက်နှစ်လေးသာ*
*အေးမြလိုက်တာ*
*မြင်ရသူဘော သက်သာတယ်*
*ရွှေမျက်နှာ ကြည်လွှန်းလှလေး"*

"သူ့ရည်းစားက တော်တော်လှတယ် ထင်တယ်…"

"အင်း…လိုက်ကြည့်ရအောင်…"



www.burmeseclassic.com

www.burmeseclassic.com

သူပန်းတွေခူးပြီးသွားတဲ့ အချိန်မှာ ကျွန်တော်တို့ သူ့နောက်က မသိမသာ လိုက်ကြည့်ကြပါတယ်။

တကယ်ပဲ သူ ပန်းသွားပေးတဲ့ ကောင်မလေးက လှနိုင်လွန်းပါတယ်။


“ငါ ထင်သားပဲ…၊
ပန်းလည်းစိုက်တယ်၊ ကဗျာလည်း ရွတ်တယ်ဆိုတဲ့
လူတစ်ယောက်ဟာ တော်ရုံတန်ရုံလှတဲ့ မိန်းကလေးကို
ကြိုက်မှာမဟုတ်ဘူး…၊
တော်တော်ကြီးကို လှလို့ ကြိုက်တာ ဖြစ်ရမယ်လို့…။
အခု ငါ့အထင် မှန်သွားပြီ…”

အရေးထဲ သူက သူ့ကိုယ်သူ အမွှမ်းတင်နေသေးတယ်၊ ‘ဆိုကြမယ် ပျော်ကြမယ်’ တီဗွီအစီအစဉ်ထဲက လေယူလေသိမ်းမျိုး ဖြစ်နေလို့ ကျွန်တော် ရယ်ချင်သွားတယ်။

“ကဲကဲ… သုံးမိနစ်ပြည့်သွားပြီဗျား
ခင်ဗျားရဲ့ တီးခတ်မှုကို ရပ်လိုက်ပါတော့…”









www.burmeseclassic.com

www.burmeseclassic.com



ပန်းကလည်း လှတယ်...၊ ကောင်မလေးကလည်း လှတယ်...။

ပန်းပေးသူရဲ့ မျှော်လင့်ချက်တွေကရော လှပတဲ့အခြေအနေဖြစ်လာနိုင်ပါ့မလား...။


ကျွန်တော်တို့ မခွဲခြားနိုင်ခဲ့ပါဘူး...။

ဆက်လျှောက်ရင်းနဲ့ မြက်ခင်းပြင်တစ်ခုစီ ရောက်သွားကြတယ်။

နေရာက ချစ်သူ့နယ်မြေ ဇရိယာပါ။ သူတို့နှစ်ယောက်ဟာလဲ ချစ်သူတွေ ဖြစ်မှာပါပဲ...။ ဒါပေမယ့် သူတို့ရဲ့ချစ်သူဘဝက ဝမ်းနည်းစရာကောင်းလောက်အောင် တွန့်ခြောက်အိတွဲနေတယ်။









www.burmeseclassic.com

www.burmeseclassic.com



"ဟင်… သူတို့သမီးရည်းစားက ဘယ်လိုဖြစ်တာလဲ…"

မိတ်ဆွေက မယုံမကြည် ရေရွတ်ပါတယ်…။

သူတို့ဘာသာ ဖြစ်နေကြတာ ကျွန်တော်နဲ့လည်း ဘာမှမဆိုင်ဘဲနဲ့ ကျွန်တော့်ကို ပြူးတူးပြဲတဲ လှည့်ကြည့်ပါတယ်…။

"ဖြစ်တတ်ပါတယ်ဗျာ…"

သူက လက်မခံပါဘူး…။ ခြေခါခါ လက်ခါခါ ပြန်ငြင်းပါတယ်။

"ဘာလို့ဖြစ်ရမလဲကွာ…၊ အဓိပ္ပါယ်မရှိတာ"

"ချစ်သူသက်တမ်း ရှည်ကြာလာတဲ့ သဘောပေါ့ဗျာ…"

"အိုး…ချစ်သူသက်တမ်း ရှည်လေလေ… သံယောဇဉ်ခိုင်လေလေ ဖြစ်ရမှာပေါ့…"

"ဘာလို့လဲ…"

သူက ကျွန်တော့်ကို မိုက်ခဲထွန်းရွှေလေသံနဲ့ မေးပါတယ်။

"ခင်ဗျားကြားဖူးလား…၊ *Grow up* နဲ့ *Grow old* ဆိုပြီး စကားနှစ်လုံးရှိတယ်…။ တချို့နေရာတွေမှာ တချို့အရာတွေဟာ သက်တမ်းရှည်ကြာလာတာနဲ့အမျှ ဖွံ့ဖြိုးရင့်ကျက်လာတယ်။ *Group up* လို့ခေါ်တယ်။ တချို့ကျတော့လည်း သက်တမ်းရှည်လာရင် အိုမင်းရွတ်တွလာတယ်…။ အဲဒါမျိုးကို *Grow old* လို့ ခေါ်တယ်…"





မိတ်ဆွေရဲ့မျက်နှာက စိတ်မကောင်းတဲ့အရိပ်အယောင်တွေ ဖြာယှက်ကျတယ်။

"အခု… ဒါဆို သူတို့က…"

ကျွန်တော်က စိတ်မသာမယာနဲ့ ခေါင်းညိတ်ပြလိုက်တယ်။

"ဟုတ်တယ်…၊ သူတို့ရဲ့ ချစ်သူဘဝက *Grow old* ဖြစ်သွားပြီ…။ တစ်ယောက်ကိုတစ်ယောက် စိတ်ပျက်ညည်းငွေ့ ကုန်ကြပြီ…"

"ဟင်း…"

မိတ်ဆွေက သက်ပြင်းချတယ်။

ဒါပေမယ့် သူ့သက်ပြင်းက မြေပြင်ပေါ် ပြုတ်ကျမသွားပါဘူး။ ကမ္ဘာ့လေထုထဲမှာ နစ်ဝင် ပျောက်ကွယ်သွားတယ်။

"လာပါကွာ…ဒီကပဲ ပြန်ကွေ့ကြရအောင်…"

"သဘောပဲ…"

လာရာလမ်းဘက်ကို ပြန်ကွေ့ထွက်ခဲ့ကြတယ်။

တော်တော်လေး လျှောက်အပြီးမှာ တေးထပ်ရွတ်သံကို ကြားရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဤကာယေအရိုးစု
ပိုး အထုရှစ်ဆယ်
ဆိုးသမုညစ်တွယ်
ချစ်စဖွယ်မကောင်း
တစ်နေ့ထက်တစ်နေ့အို
တရွေ့ရွေ့ကို တောမျောက်အလောင်း
သေမင်းက မညှာယူလျှင်
ခန္ဓာမှုရုပ်ဟောင်း
မကြာသူပုပ်ရောင်းလို့
တုတ်ခ နှောင်းသဖွယ်
ချစ်တဲ့သူကွေကွင်း
သေမင်းကခွဲပါလိမ့်မယ်
မျက်နှာယုတ်လက်အုပ်ကွယ်သည်၊
စက်ဆုတ်ဖွယ်ရှောင်ရှားလို့
နှောင်များကဲ့ပမာ
ဝေးကပယ်ခွာ
တရားနှင့် အသားရှာလျှင်
အလကားဟာ ကောင်ပုပ်ပလေး"





"စောစောက အသံပါလားကွ"

"အင်း…"

ဟုတ်ပါတယ်…။

ကျွန်တော်လည်း မှတ်မိပါတယ်၊ စောစောက ပန်းဆိုက်သမားရဲ့ အသံပါ…။

ကောင်မလေးကို ပန်းသွားပေးတာ အဆင်မပြေလာပြန်ဘူးထင်ပါရဲ့။

"ခံလာရပြီ ထင်တယ်…"

"အင်း… ဖြစ်နိုင်တယ်"

လမ်းချိုးလေးကို အကွေ့မှာပဲ…

ကျွန်တော်တို့ရဲ့အထင် မှန်ကန်ကြောင်းကို

မျက်ဝါးထင်ထင် တွေ့လိုက်ရတယ်…။



www.burmeseclassic.com

www.burmeseclassic.com









"တော်သေးတာပေါ့…၊ သူပျိုးခဲ့တဲ့ပန်းတွေကို မနှမ်းခင်မှာ အချိန်မီ ပြန်စိုက်ပေးနိုင်လို့…"

လမ်းဆုံလမ်းဝတစ်နေရာမှာ ခြေစုံရပ်မိကြပါတယ်။ ချစ်သူနယ်မြေနဲ့ ဆက်စပ်နေတဲ့ တစ်ဘက်ရပ်ကွက်ဆီကို အလိုအလျောက် ဆက်ထွက်လာခဲ့ကြပါတော့တယ်…။



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ပထမတော့… အမှတ်တမဲ့ ဖြစ်ခဲ့ကြတယ်။ ဘာရပ်ကွက် မှန်း မသိဘူး။ နောက်မှ… သဲလွန်စတစ်ခုကို စရတယ်။

"ဟော့ကောင်…နားထောင်စမ်း၊ ကဗျာရွတ်သံပဲကွ"

"အင်း…ဟုတ်တယ်၊ ချစ်သူ့နယ်မြေများ မကုန်သေးဘူး လား…"

"ကုန်သွားပါပြီကွာ…၊ ဒါ သူ့အဘေးက ရပ်ကွက်ကွ"

"ဘယ်လိုများပါလိမ့်…"


ရှည်ရှည်ဝေးဝေး မစဉ်းစားလိုက်ရပါဘူး။ ရှေ့မှာ တွေ့လိုက် ရတဲ့ မြင်ကွင်းတစ်ခုကြောင့် ကျွန်တော်တို့ဟာ အဝန်းအဝိုင်းကို ရိပ်မိ နားလည်လိုက်ကြပါတယ်။

ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com









"ဆာဒူးကို ဖယ်ခိုင်းပြီး သူ့မိန်းမကို ဝင်ထိုင်ခိုင်းနေတာကွ"

"ဟုတ်တယ်…၊ သူ့မိန်းမကို အချွန်နဲ့ မစနေတာပဲ"

"ဟား…ဟား…ဟား…ဟား…"

"ဟဲ…ဟဲ…ဟဲ…ဟဲ…"

ကျွန်တော်တို့ သဘောပေါက်သွားကြပါပြီ။

"လက်စသတ်တော့…'အိမ်ထောင်သည်ရပ်ကွက်' ကိုးဗျ"

"အေးကွ…ဒါကြောင့်လည်း ချစ်သူနယ်မြေနဲ့ ဆက်စပ်နေတာ…"

"ဟား…ဟား…ဟား…ဟား…"

"ဟဲ…ဟဲ…ဟဲ…ဟဲ…"

ဘာရယ်မှတော့ မဟုတ်ပါဘူး…ကျွန်တော်တို့ အူမြူးသွားကြတယ်။

နည်းနည်းဆက်လျှောက်လိုက်တော့ စောစောက ကြားနေရတဲ့ ကဗျာရွတ်သံသဲ့သဲ့ကို သဲကွဲအောင် ကြားလိုက်ရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရာသီနွေပေါက်ရင်
သေမလောက်ကြောက်တယ်
ဖေတစ်ယောက်အားငယ်ကို
ထောက်တွယ်လို့ရှုစမ်း
နေခြည်ပျောက်တစ်မှင့်ပူရင်
ခင့်လှမှာ သုံးနှစ်မလန်း
သဉ္ဇာ ကြွစက်သျှောင်ညှာ
မွေးမျက်တောင့် ယှက်သန်း
တစ်ကိုယ်ရေဆောင်ခန်းမှာ
လောင်ခမန်းအိုက်တယ်။
နေမရွှင်ဖေခင်လှူးရ
ရွှေသင်ဖြူးပေါက်ပါတော့မယ်
ချွေးဥနှင့် ဆွေးမှုကြွယ်တယ်
လေးပုမယ်ရင်မလို့
ဆင်သတဲ့ ဖဲပွင့်ငှဝါ
ဆွဲခွင့်မသာ
ငိုလှလှမျက်နှာကို
သက်သာအောင်ယပ်လှဲ့ပလေး"





"အတော်ကောင်းတဲ့ ကဗျာပါလား..."

"ခံစားချက်တွေ ပေါ်ပါ့ဗျာ...၊ နွေခင်းအပူဒဏ်ကို မခံနိုင်လို့ ဒီလူ အတော်လူးလိမ့်နေရပုံပဲ..."

"အိုဇုန်းလွှာပေါက်တဲ့အကြောင်းတော့ ကဗျာထဲမှာ မပါဘူး ကွ"

"ဒါပေမယ့် ကဗျာက သူ့မိန်းမကိုတော့ တိုင်တည်ထား တယ်နော်... ဟဲဟဲ..."

ဖျာပေါ်မှာ လူတစ်ယောက် လူးလိမ့်နေတာကိုလည်း မြင်ရ ပါတယ်။

လူက နွမ်းနယ်နေပုံပေါ်တယ်။

ဒါပေမယ့်...

ဖျာကတော့ အသစ်စက်စက်ကြီး...။

"ဟော့လူ တော်တော်ပူနေလား..."

"အေးဗျာ...ဒီအပူဒဏ်ကို ကျွန်တော် မခံနိုင်ဘူး..."

ကျွန်တော်တို့ရဲ့ အမေးကို သူက ညည်းညည်းညူညူ ပြန်ဖြေ ပါတယ်။

"ခင်ဗျားဖျာကတော့ ကောင်းလိုက်တာဗျာ... အသစ်ကြီး"

သူက ကျွန်တော်တို့ကို ငေါက်ခနဲ ပြန်ကြည့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



''စကားပုံတစ်ခုရှိတယ်လေ··· ခင်ဗျားတို့ မကြားဖူးဘူးလား···''

ကျွန်တော်တို့နှစ်ယောက် သဘောကျသွားတယ်။

''မကြားဖူးဘူး···ပြောစမ်းပါဦးဗျ၊ ဘာများလဲ···''

''*Wives and mats are best when new* တဲ့''

''ဟုတ်ကဲ့···''

''မြန်မာလို ပြန်ရရင်တော့ မိန်းမတွေနဲ့ ဖျာတွေဟာ အသစ်ဘဝမှာပဲ အကောင်းဆုံးတဲ့···''

''အော်···အဲလိုလား···၊ ဒါနဲ့ ခင်ဗျားမိန်းမကရော···''


မေးမယ့်သာ မေးရတာ မျက်စိက မြင်ပြီးနေပါပြီ။

မဲ့ပြုံးနဲ့အတူ···

မိတ်ဆွေက ကျွန်တော့်ကို လှည့်ကြည့်တယ်···။









www.burmeseclassic.com

www.burmeseclassic.com



ဘာစကားဆက်ပြောရမယ်မှန်းလဲ မသိတော့ဘူး။ အဲဒါနဲ့ပဲ ဟိုလိုလို သည်လိုလိုလုပ်ပြီး ဆက်လျှောက်လာခဲ့ကြတယ်။ တစ်နေရာမှာ လူတစ်ယောက်နဲ့ တွေ့တယ်…။

''ဟိုး…ဟိုး…''

သူက ကျွန်တော်တို့ကို မော်တော်ကားတားသလိုမျိုး လက်နဲ့ လှမ်းတားတယ်။

''ဘာဖြစ်လို့လဲ…''

သူ့တင်ပါးကို တစ်ချက်ကုတ်ပြီးမှ ပြန်ဖြေတယ်။

''မိန်းမတစ်ယောက်များ မတွေ့မိခဲ့ကြဘူးလား…''

''ဘယ်လိုမိန်းမလဲ…





''ကျွန်တော့်မိန်းမပါ၊ ဒီလိုဗျာ…''

သူက သူ့မိန်းမရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြတယ်။ ကျွန်တော်တို့ တွေ့ခဲ့တဲ့ မိန်းမတွေထဲမှာတော့ အဲလို ပုံပန်းသဏ္ဌာန် မပါဘူး။

''မတွေ့ခဲ့မိဘူးဗျ၊ ဘာဖြစ်လို့လဲ…''

''သြော်…ကျွန်တော့်ကို စိတ်ဆိုးပြီး ထွက်သွားလို့ပါဗျာ…''

''ဘယ်လိုများ ဖြစ်လို့လဲဗျာ…''

''ဒီလိုပါဗျာ…''

သိပ်မမေးလိုက်ရပါဘူး…၊ သူကလည်း အကျိုးအကြောင်း ရှင်းပြပါတယ်…။



www.burmeseclassic.com

www.burmeseclassic.com









"ကျွန်တော်က ဘောလုံးဝါသနာအိုးဗျ၊ အိပ်ရာထဲမှာ သူ့ကို ဘေးထားပြီး ဘောလုံးဂျာနယ်တွေပဲ ဖတ်နေလို့တဲ့…"

"ဪ…အင်း…အဲဒီတော့ သူက စိတ်ဆိုးမှာပေါ့"

"အင်း…ဆိုးတယ်"

"ဆိုပါဦး…၊ သူက ဘယ်လို အရေးဆိုလဲ"

"ဘာမှလဲ အရေးမဆိုဘူးဗျ"

"ဒါဖြင့်…"

"တစ်ညမှာ ခါတိုင်းလိုပဲ ကျွန်တော်တို့ အိပ်ရာဝင်ကြတယ်…"

"ဟုတ်ကဲ့…"

"ထုံးစံအတိုင်း ကျွန်တော်ကလည်း ဘောလုံးဂျာနယ် ဖတ်နေတယ်…"

"ဟုတ်ကဲ့…"

"သတိရလို့ ကျွန်တော် လှည့်ကြည့်တော့ သူ မရှိတော့ဘူး…"

"ဘယ်ရောက်သွားလို့လဲ…"

"မသိဘူး…၊ မြင်ကွင်းက တစ်မျိုးကြီးဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com









"အဲဒီကတည်းက ပျောက်သွားတာ ခုထိပါပဲဗျာ၊ ဘယ်မှာမှ မတွေ့ဘူး..."

အဲဒီလိုတော့ ရှင်မောသံကြီးနဲ့ ပြောရှာတယ်။

မိတ်ဆွေက -

"ခင်ဗျား လိုက်တော့ ရှာတယ် မဟုတ်လား..."

"ရှာတယ်ဗျ၊ အတော်ကိုရှာတယ်။ ပထမပိုင်း ဒုတိယပိုင်း နှစ်ပိုင်းလုံးလည်း ရှာပြီးပြီ...။ ခုဟာက အချိန်ပို ထပ်ရှာနေတာ"

"ဩော်...ဩော် ဒါတောင် မတွေ့ဘူးလား..."

"မတွေ့ပါဘူးဗျာ...၊ ဒီမိန်းမ အတော်ခြေစွမ်းပြနိုင်တာပဲ၊ ဘယ်တွေလျှောက်သွားနေမှန်းကို မသိဘူး..."

ကျွန်တော်က ဝင်ပြီး...

"အဆင်ပြေသွားမှာပါဗျာ...၊ ပြန်လာမှာပါ..."

"အင်း...ပြန်လာတာက အရေးမကြီးဘူး..."

သူ့စကားကို ကျွန်တော် နားမလည်ဘူး။

"ဘာဖြစ်လို့လဲ..."

သူက မျက်နှာကို ရှုံ့မဲ့ပြပြီး ပြောပါတယ်။

"ကျွန်တော် စိုးရိမ်နေတယ်..."

"ဘာကို စိုးရိမ်တာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



''မသမာသူတစ်ယောက်ယောက်က… သူ့ကို လုကျွဲသော ဖမ်းလိုက်မှာ စိုးလို့…''

''အမ်…''

''ဝိစိမှတ်ပြီး တားမယ့် ဒိုင်လူကြီးကလည်း မရှိဘူး မဟုတ်လားဗျာ…''

သူ့သောကနဲ့သူ လှေကျင့်ခန်းမလုပ်ဘဲ သွေးတွေ ပူနေပါတော့တယ်…။

''အဆင်ပြေသွားမှာပါဗျာ…''


အဲဒီလိုပဲပြောပြီး… ကျွန်တော်တို့နှစ်ယောက် လမ်းဆက်လျှောက်ခဲ့ကြတယ်။

တစ်နေရာမှာ မော်တော်ကားတစ်စီး ခတ်ဆီထည့်နေတယ်။ ကားက ဘီးတစ်ဖက်လည်း မရှိဘူး…။

မြင်ရတဲ့ မြင်ကွင်းကလည်း မလှပဘူး…။









www.burmeseclassic.com

www.burmeseclassic.com



"ဘီးနေရာမှာ ဝင်နေတာ သူ့ယောက်ျား ထင်တယ်…"

"မှတ်စပ်ပါး အခြားမရှိဘူးပေါ့ဗျာ…"

မိတ်ဆွေက အဲဒီလူကို ငုံ့ကြည့်ပြီး…

"ဘာကိစ္စ ဒီလိုကြီး လုပ်နေရတာလဲဗျ…"

သူ့မိန်းမက ကြားက ဝင်ဖြေတယ်။

"အဲလိုမှ မလုပ်ရင် ဘယ်လိုလုပ်ရမှာလဲရှင့်"

"ဝုတ်ပါတယ်…ဝုတ်ပါတယ်…"

ရှေ့ဘီးနေရာက ထွက်လာတဲ့ အသံပါ…။ သူ့ယောက်ျားက ပြောလိုက်တာပါ။ သူ့ခမျာ ကျွန်တော်တို့ကို မော့မကြည့်နိုင်ဘူး… အော်ပြောတယ်…။

"ကျွန်တော်က အရှးဗျ"

"ဗျာ…အရှး…၊ ဟုတ်လား…"

"ဟုတ်တယ်…၊ တမီးလ်စကားပုံတစ်ခု ရှိတယ်လေ…"

"အင်း…လုပ်စမ်းပါဦး…"

"*He who listens to the advice of woman is a fool.* တဲ့…။ မိန်းမတွေရဲ့ အကြံပေးစကားကို နားထောင်တဲ့လူက အရှး ပဲလေဗျာ…၊ ကျုပ်လို ကောင်မျိုးပေါ့"

"ဩော်…ဒါတော့ ကိုယ့်ဘာသာကိုယ် သိသားပဲ…"





"ဘာ…ရှင့်"

မိန်းမက လက်မခံနိုင်ပါဘူး…။ လင်ဖန်းလိမ့်သံနဲ့ ဝင်ပြောတယ်။

"ဘာရှးရမှာလဲ…၊ ဘာကို သိရမှာလဲ…၊ ရှင်တို့က ဘယ်သူတွေလဲ…၊ သူများလင်မယားကြားကို ဘာလို့ ဝင်စွက်ရတာလဲ…။ ကျုပ်ကို ဘယ်လိုမိန်းမမျိုး အောက်မေ့လို့လဲ…"

"ဟုတ်…ဟုတ်…"

"ဘာ…ဟုတ်…ဟုတ်…လဲ"

"အဲ…မဟုတ်"

"ဘာ…မဟုတ်လဲ"

မိတ်ဆွေရဲ့လက်ကိုဆွဲပြီး မဖြစ်သေးတဲ့ ရန်ပွဲကို ကြိုတင် အဆုံးသတ်လိုက်တယ်။ ကျွန်တော်တို့ လှည့်ထွက်ခဲ့ကြရတာပေါ့။

ယောက်ျားလုပ်သူက ကုန်းကုန်းကြီး မြေကြီးကို ငုံ့ကြည့် နေလျက်က ငိုချင်းကြီးတစ်ပုဒ်ကို ချတယ်…။ သူ့အသံက ကြေကွဲ ဆို့နင့်နေတယ်…။



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်ဆရာထူးက
မှာဘူးသည့်မိန့်ရည်
အိမ်ထောင်ဖက်ဘုရားတည်သည်
ဆေးမင်ရည်စုတ်ထိုး
သည်သုံးခုချက်မပိုင်လျှင်
နောင်ပြင်နိုင်ခဲ့သည့်အမျိုး
အေးစေဖို့ တရားနာ
ပူဆာဆာအကျိုး
ဆင်ခြင်လေညာဏ်မကိုးနှင့်
ငါးရှိုးမျက်လက်တို
မတော်လျှင် အကော်ခက်နိုင်မှု
အိမ်ထောင်ဖက်လေးတဲ့ဝန်ကို
သကာပျားနှတ်ချိုသည်
အဟုတ်လို တင်စားမိ
ယင်နားငြီ ပင့်ကူအုံ
ကွင်းထောင်ချောက်ပုံ
ကုဿိယက လိမ်ချုံကို
နောင်ကုန်ကုန်ကြောက်ပါကြလေး"





လမ်းမှာမိတ်ဆွေက အသံလေးလေးနဲ့ ပြောတယ်…။

"မိန်းမတွေ တော်တော် မကောင်းတာပဲနော်…"

"သူတို့အပြစ်ချည်းပဲတော့ မဟုတ်လောက်ပါဘူး ဗျာ…၊ ယောကျ်ားတွေ အပြစ်လည်း ပါမှာပေါ့"

"အဆင်ပြေတဲ့ လင်မယားတွေ တွေ့ချင်တယ်ကွာ…"

"ရှာဖွေပြီး သွားတွေ့ကြတာပေါ့…"

ကျွန်တော်တို့ ရှာဖွေစုံစမ်းကြပါတယ်…။ လူတစ်ယောက်က လမ်းညွှန်လိုက်တယ်။ ရပ်ကွက်ရဲ့ တောင်ဘက်အစွန်မှာနေတဲ့ တံငါသည် လင်မယားဟာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ အင်မတန်မှ နားလည်မှု ညီမျှကြတယ်လို့ ဆိုတယ်…။ အဲဒီအိမ်ကလေးကို ကျွန်တော်တို့ ရောက်သွားကြတယ်။

"ဧည့်သည်တွေပဲ…ကြွကြပါရှင် ကြွကြပါ…"

အိမ်ရှင်မက ပျူပျူငှာငှာ ဧည့်ခံကြိုဆိုပါတယ်။ ကျွန်တော်တို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်က သူ့ယောက်ျား အလုပ်သွားတဲ့ အချိန်ဖြစ်တယ်။

''ငါးမျှားထွက်တယ်လေ…၊ သူက အရမ်းကို အလုပ်ကြိုးစားတာ…''

ရာသီဥတုက သိပ်မကောင်းလှပါဘူး…။ မိုးရွာတော့မလိုလို တိမ်တွေက မည်းအိုလာတယ်။ အိမ်ရှင်မခမျာ နည်းနည်းတော့ ပျာယာခတ်သွားတယ်။

''လွတ်လပ်သလို နေကြပါရှင်…''

သူကတော့ ပြတင်းပေါက်နားသွားပြီး ကောင်းကင်ပေါ်က မိုးလေဝသ အခြေအနေကိုကြည့်တယ်…။ မတော်တဆ မိုးကြီးရွာချခဲ့ရင် ဆိုတဲ့ အတွေးနဲ့ မြစ်ပြင်မှာ ငါးဖမ်းသွားတဲ့ ယောက်ျားကို သနားဂရုဏာ ဖြစ်ပုံရတယ်…။
ခမျာ စိုးရိမ်ရှာတယ်…။





*''ကောင်းကင်ပြန့်ဗွေ*
*တိမ်ခြေကမဲ။*
*ရွာရုပ်ကျွယ်ဟန်လိုနှင့်*
*တော်ဆိုရင်နိုင်တော့မယ့်မိုးငယ်*
*ဆိုတိုးတင့်ရဲ။''*
ပြတင်းဝမှာ အဲဒီကဗျာရွတ်ပြီး အိမ်ထဲပြန်ဝင်လာပါတယ်။

''ဘာပဲဖြစ်ဖြစ် သူ ပြန်လာမှာပါ…။ သူက ကျွန်မကို အရမ်းချစ်တယ်လေ…၊ အရမ်းဂရုစိုက်တယ်…''

အဲလို အစချီပြီး သူ့ယောက်ျားကောင်းကြောင်းတွေ ရွှန်းရွှန်းဝေအောင် ပြောပါတော့တယ်။ အတော်ကြာတော့…တံခါးခေါက်သံ ပေါ်လာတယ်။ ဟော… ပြောရင်းဆိုရင်း ပြန်လာပြီ။ ဒါ…သူ့ရဲ့ တံခါးခေါက်သံပဲလို့ဆိုပြီး ရွှင်ရွှင်မြူးမြူး သွားဖွင့်ပါတယ်။

''ဟင်…''
''အဲ…''



www.burmeseclassic.com

www.burmeseclassic.com









မျှော်လင့်မထားတဲ့ ဖြစ်ရပ်ပါပဲ...။ ယောက်ျားက သူ့လက်ထဲက ပွေ့ထားသူကို မချဘဲ သူ့မိန်းမကို ရယ်ပြတယ်။ သူ့မိန်းမကတော့ ပြန်မရယ်ဘူး။

"ဟော့ကောင်..."

"အင်း..."

ကျွန်တော်တို့နှစ်ယောက်လုံး အန္တရာယ်ရဲ့ အငွေ့အသက်ကို ရလိုက်ကြတယ်။

"သွားကြစို့..."

"ဟုတ်တယ်...၊ တခြားနည်းလမ်းလည်း မရှိဘူး"

ကုတ်ကုတ်ကလေး ဆုတ်ဆုတ်ပြီး ပြေးထွက်ခဲ့ကြပါတော့တယ်။ အင်မတန် အိမ်ထောင်ရေးသာယာတဲ့ လင်မယားတော့ ဘယ်လိုဖြစ်ကျန်ခဲ့မလဲ မသိပါဘူး...။

ကျွန်တော့်ရဲ့မိတ်ဆွေက အဝေးကြီးကို လှမ်းကြည့်ပြီး... ပြင်သစ် ကဗျာတ်ထဲက စကားတစ်ခွန်းကို ရေရွတ်လိုက်ပါတယ်။

**"အရွှေးအမွှေးစိတ်နဲ့ မင်း... မိုးမှောင်ကျနေပြီ၊**

**မင်းကို ဘယ်သူ ကူညီမှာလဲ..."**



www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

''ကဲ…ခင်ဗျား ဘယ်သွားချင်သေးလဲ…''

မိတ်ဆွေက နဖူးကြောကြီး ရှုံ့ပြီး စဉ်းစားပါတယ်။

''သိပ်မရှိတော့ပါဘူး…၊
ငါ သီးသန့်လေ့လာချင်တဲ့ နေရာတွေကတော့
ကုန်သလောက်ဖြစ်နေပါပြီ…''

''ဒါဖြင့်…ဘယ်သွားချင်သေးလဲ…''

သူက နှာခေါင်းကို လက်နဲ့ပွတ်ပါတယ်။

စဉ်းစဉ်းစားစား ပြန်ဖြေတယ်…။

ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ချင်သလိုသာလုပ်ကွာ···၊

သွားချင်တဲ့နေရာသွား···"

အဲဒါနဲ့ ကျွန်တော်လည်း လမ်းညွှန်မြေပုံကို

စေ့စေ့ငုငု ကြည့်ရတယ်။

"ဒီလိုလုပ်မယ်ဗျာ···"

"ပြောလေ···"

"ကျွန်တော်တို့ ဒီလမ်းအတိုင်း လျှောက်သွားကြမယ်၊

အဲဒါဟာ ဒီမြို့တော်က ပြန်ထွက်တဲ့ လမ်းမကြီးပဲ။

လမ်းတလျှောက် အကဲခတ် သွားလိုက်ကြတာပေါ့···။

ပြန်ဖို့အတွက်လည်း အဆင်သင့် ဖြစ်သွားတာပေါ့···"

"အင်း··· ကောင်းသားပဲ···လုပ်လေ"

မြို့တော်ရဲ့ ဗဟိုလမ်းကြီးအတိုင်း

ကျွန်တော်တို့···လျှောက်လာကြပါတယ်။

လမ်းမကြီးဟာ လူသူရှုပ်ထွေးနေခြင်းမရှိပေမယ့်···

အတိုင်းအတာတစ်ခုထိတော့ စည်ပင်ပါတယ်။

လမ်းနံဘေးမှာလည်း

စိတ်ဝင်စားစရာကောင်းတဲ့ အဆောက်အဦတွေကို မြင်ရတယ်။

မြက်ခင်းတွေ···၊





ကစားကွင်းတွေ···၊

ပြီးတော့···

ဥယျာဉ်စိုက်ခင်းတွေ···။

သေချာတာကတော့···

ဒီမြို့တော်ကလူတွေဟာ ငြိမ်ငြိမ် သိပ်မနေကြတာပါပဲ···။

"အာရုံနောက်တယ်ကွာ···"

"မျက်စိနောက်တယ်ဗျာ···"

ညည်းတွားယူရတဲ့ အထိပါပဲ···။

တော်တော်နောက်တဲ့ မြို့တော်လို့ ဆိုကြပါစို့···။

တွေးလို့မှ မဆုံးသေးဘူး···

ရှေ့က ကျောင်းထိုင်ဆရာကြီးတွေ့ရင်

ကြိမ်လုံးတုတ်တုတ်နဲ့ ရိုက်မယ့် အဖြစ်အပျက်တစ်ခုကို

တွေ့လိုက်ရတယ်···။

"ဟော့ကောင်···ဟိုလူ အရိုန်လွန်သွားပြီ"

"ဟုတ်ပ···"



www.burmeseclassic.com

www.burmeseclassic.com









လျှောပြားတစ်ခုပေါ်မှာ ခြေ
ထောက်နဲ့ လျှောစီးနေတဲ့
လူပါ။ အရှိန်လွန်ထွက်ပြီး လေ
ထဲမှာ အနေရ အထိုင်ရ
ခက်နေတယ်။

"ဒုက္ခပဲ…"

အဲဒီစကားကို သူပြောတာ
မဟုတ်ပါဘူး။ ကျွန်တော်တို့
နှစ်ယောက်က ပြောမိတာပါ။
သူကတော့ ခန္ဓာကိုယ်တစ်ခု
လုံးမှာ ပြုံးနေတဲ့ မျက်လုံးရယ်
ပွင့်ဟနေတဲ့ပါးစပ်ကြီးရယ်က ၊
လွဲရင် ကျန်တာ ဘာမှ မလှုပ်
ရှားဘူး။ လေထဲမှာ တောင့်
တောင့်ကြီး။ သစ်ပင် တစ်ပင်
ပေါ်ကတောင် ကျော်သွားသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သစ်ပင်ပေါ်က
အကျော်မှာ မျက်စိမှိတ်ပြီး
အော်ပါလေရဲ့…။

"ကျုပ် အိပ်မက် မက်နေပြီ…၊ ဒီအိပ်မက်ထဲမှာ
ကျုပ် လှုပ်ရှားချင်တယ်…"

ကျွန်တော် သူ့ကို ဘယ်လိုသနားရမလဲမသိဘူး…။ မိတ်ဆွေကတော့ စိတ်ပျက်လက်ပျက် ဖြစ်သွားတယ်။

"ငါ့ပြဇာတ်တော့ သွားပါပြီ…"

အဲဒီလူကို မျက်နှာလွှဲပြီး ကျွန်တော်တို့ ဆက်လျှောက်ခဲ့ကြတယ်။

(သူ‥ဘယ်လိုဆက်ဖြစ်သွားလဲတောင် မသိလိုက်ပါဘူး)


မျက်နှာချင်းဆိုင်မှာ လူတစ်ယောက် လမ်းလျှောက်လာတာကို မြင်ရတယ်။

"သူကလဲ တစ်မျိုးပါလား…"

"ပိုက်ထဲက မြွေကြီးက ဖမ်းလာတာ ထင်တယ်နော်…"









www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က မကြားတကြား ပြောတာဖြစ်ပေမယ့်… ပိုက်လုံးသယ်လာသူကြီးက ကြားဖြစ်အောင် ကြားပါတယ်။ ကျွန်တော်တို့ကို လှည့်မကြည့်ဘဲ ကျွန်တော်တို့ကို မကြားတကြား ပြန်ပြောတယ်။ ကျွန်တော်တို့ကလည်း သူ့လိုပေါ့၊ ကြားဖြစ်အောင် ကြားတယ်။

"တစ်ခါမှ မြွေဖမ်းရတာ ဒီလောက်မလွယ်ကူဖူးဘူး…။ ဟဲ…ဟဲ…"

မိတ်ဆွေက ပြောင်ပြောင်တင်းတင်း စပ်စုကြည့်ပါတယ်။

"ဘယ်လိုများ ဖမ်းလာတာလဲဗျ"

မြွေဖမ်းသမားက ပြောင်ပြောင်တင်းတင်း ကြွားတော့တာပေါ့။

"ဘယ်လိုဖမ်းလဲဆိုတော့…အင်း…ဒီလိုဗျ"

"ဟုတ်ကဲ့…"

"ဒီမြွေကြီးကို ကျွန်တော်က ဆွေးနွေးလိုက်တယ်ဗျာ၊ မြွေမှန်လျှင် ပိုက်ဝင်ဖြောင့်ရမှာပေါ့…၊ ရမလားလို့…"

"အဲဒီတော့…."

"သိပ်ရတာပေါ့ဆိုပြီး သူဝင်တယ်…၊ ကျွန်တော်က ပိုက်ကို မ,ယူလာတာ၊ ဒါပဲလေ… ဟဲဟဲ…"

မိတ်ဆွေက သိပ်ဘဝင်မကျဘူး။ ကြွားပြီးပြီဖြစ်တဲ့ မြွေဖမ်းသမားကြီးက ကျွန်တော်တို့ကို ကျော်ဖြတ်သွားပါပြီ။ မိတ်ဆွေက





ကျွန်တော့်ကို လှည့်ပြောတယ်…။

"ဒါကို ဖမ်းလာတယ်လို့ပြောရင် ရပ့ါမလားကွာ…၊ မြွေက ပိုက်ထဲက အချိန်မရွေး လျှောထွက်သွားနိုင်တာပဲ…"

လေးလေးနက်နက် ခေါင်းညိတ်ပြပြီး ပြန်ဖြေလိုက်တယ်။

"ဖြစ်နိုင်တယ်… မြွေကြီးက ခပ်တိုးတိုး ရေရွတ်သွားတာကိုလည်း ကျွန်တော် ကြားလိုက်တယ်"

"ဟေ…"

မိတ်ဆွေက အင်မတန် စိတ်ဝင်စားသွားပါတယ်။

"ဟုတ်လား…၊ မြွေကြီးက ဘာပြောသွားတာလဲ…"

ကျွန်တော်က နှာခေါင်းရှုံ့ပြရင်း ပြန်ဖြေလိုက်တယ်။

"သူကသာ ဖမ်းလာတယ်ပြောတာ၊ မြွေကြီးက တော်တော်ဘဝင်မြင့်နေပြီ၊ ဟိတ်ကြီးဟန်ကြီးနဲ့ကို ရေရွတ်သွားတာဗျ"

"အင်း…ဘာတဲ့တုံး…"

"ခုလို ဝေယျာဉ်နဲ့ ပင့်ခေါ်ခံရတာ သူနဲ့ နိုင်ဖုံးတရားသူကြီးနဲ့ နှစ်ယောက်ထဲ ရှိသေးတယ်တဲ့…"

"ဟား…ဟား…ဟား…ဟား…"

မိတ်ဆွေက သူ့အသံသြသြကြီးနဲ့ဝေါခနဲရယ်တယ်။ မြွေဖမ်းသမားကြီးဘက်ကိုလည်းလှည့်ကြည့်ပြီး(မကြားတကြား)အော်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ…ကျုန် ကိုယ်ရုံတော်ရယ်…"

ရယ်ရင်းမောရင်း ဆက်လျှောက်လိုက်တာ ဘယ်လမ်းတွေကို ဘယ်လိုဖြတ်လာမိမှန်းတောင် မသိလိုက်ဘူး။

"ဟိုမှာ…နက္ခတ်မျှော်စင်ကြီးကွ"

"အတော်သားနားတာပဲ…"

နက္ခတ်သိပ္ပံပညာရှင်ကြီးတွေဟာ မှန်ပြောင်းကြီးတွေနဲ့ ကောင်းကင်ကို ကြည့်နေကြတယ်။ ကျွန်တော်က ကဗျာဆရာဟန်ပန် နဲ့ အဲဒီသိပ္ပံပညာရှင်ကြီးတွေကို ဝေဖန်လိုက်တယ်။

"အတော်သနားဖို့ကောင်းတဲ့ ပညာတတ်ကြီးတွေပဲ…"


မိတ်ဆွေက စွေစောင်းကြည့်တယ်…။ ကျွန်တော့်စကားကို သူ နားမလည်ဘူး။

"ဘာဖြစ်လို့လဲ…"

"ကြယ်တွေ၊ နက္ခတ်တာရာတွေကို ကျွန်တော်တို့တွေက ကောင်းကင်ဆီမော့ပြီး လွတ်လွတ်လပ်လပ်ကြည့်ခွင့်ရှိတယ်…၊ သူတို့ တွေကတော့ ပြောင်းကလေးထဲကနေ ချောင်းကြည့်ရတယ်…။ အတော်ကို မှိန်ဖျော့တဲ့ လူသားတွေပါလားဗျာ…"

ဒီစကားကြောင့် မိတ်ဆွေက ကျွန်တော့်ကို အထင်ကြီးမသွားပါဘူး…။





ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာကြည့်စမ်း…"

"အဲ…"

မှန်ရာကို ဝန်ခံရရင်… ကျွန်တော့် မျက်လုံးလည်း ပြူးခနဲ ဖြစ်သွားတယ်။ ဂြိုဟ်တစ်ခုဆီ ကြည့်ရှုလေ့လာနေတဲ့ သိပ္ပံပညာရှင်ကြီးကို ဂြိုဟ်သားက နောက်က လှမ်းတို့နေပါတယ်။ မလှမ်းမကမ်းလေးမှာ ပုဂံပြားပျံကို ရပ်ထားတယ်။ ပုဂံပြားပျံထဲက ဂြိုဟ်သားကလည်း သိပ္ပံပညာရှင်ကြီးကို လှမ်းကြည့်လို့…။

"ကွီ…ကွီ…ကွီ"

သိပ္ပံပညာရှင်ကြီးကို ဂြိုဟ်သားက အသံပေးပြီးလှမ်းတို့နေတာပါ။ဒါပေမယ့် ပညာရှင်ကြီးကတော့ ဘာရယ် မသိရှာဘူး။

"လာမကွီနဲ့…ဒီမှာကြည့်နေတာ၊ ဂြိုဟ်သားတွေရော ပုဂံပြားပျံကိုရော မြင်ရတော့မယ်…၊ နည်းနည်းလေး လိုတော့တယ်"





"ကွီ…ကွီ…ကွီ…"

"အေး…ဟုတ်တယ်၊ ကွီခနဲကို မိတော့မယ်"

"ကွီ…ကွီ…ကွီ"

စိတ်မရှည်လွန်းတော့မှ သိပ္ပံပညာရှင်ကြီးက လှည့်ကြည့်ပါတယ်။ ဂြိုဟ်သားကို တွေ့ပေမယ့် ထူးခြားဟန်လည်း မပြလှပါဘူး။ တစ်ဘက်ပြန်လှည့်ပြီး သူ့မှန်ပြောင်းကိုပဲ သူ ဆက်ကြည့်နေတယ်။ မျိုသိပ်ထားနိုင်စွမ်းမရှိတော့တဲ့ ကျွန်တော်က…

"ဆရာကြီး… ဗျို့ ဆရာကြီး…"

သူက စိတ်တိုသံနဲ့…

"ဘာလဲကွာ…"

"ဆရာကြီးကို နောက်က တို့တာ ဘယ်သူလဲလို့ သိရဲ့လား"

"သိသားပဲ…"

သူ့အသံက မဖြေချင်ဖြေချင်ကြီးပါ…။စမိတဲ့ကိစ္စမို့ ဆုံးတဲ့ထိ ကျွန်တော် ဆက်မေးရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်...ဟုတ်လား...၊ ဒါဖြင့် ဘယ်သူလဲ..."

သူက ပြန်ဖြေပါတယ်...၊ သုံးလုံးထဲ...။


"နီ..ကို..ရဲ"

မိတ်ဆွေက ကျွန်တော့်ကို လက်ကုတ်ပါတယ်...။ သူ လက်ကုတ်ခြင်းရဲ့အဓိပ္ပါယ်ကတော့ (ဒီနေရာမှာ) 'သွားကြမယ်'ဆိုတဲ့ သဘောပါ။ သူ့ထိုက် သူ့ကံဆိုပြီး ပညာရှင်ကြီးကို ကျွန်တော်တို့ ထားခဲ့ကြတယ်။ ကိုယ့်ထိုက်ကိုယ့်ကံ ကိုယ့်ပန်းကန်နဲ့ ပျံလေဦးတော့ ဆရာကြီးရေ...။

ရှေ့ဆက်လျှောက်တော့ တစ်နေရာမှာ ငါးမျှားနေတဲ့ လူတစ်ယောက်ကို တွေ့တယ်။ ပထမတော့ သူ့ဘာသာ အေးအေးဆေးဆေး ငါးမျှားနေတာပါပဲ...။









www.burmeseclassic.com

www.burmeseclassic.com

နောက်တော့ မဟုတ်တော့ဘူး…။

သူ့ငါးမျှားချိတ်က

ငါးကြီးတစ်ကောင်ကောင်ကို မိပုံရတယ်။

သူတစ်ယောက်ထဲ မနိုင်ဘူး။


ငါးမျှားတံက ဆွဲလို့တောင် မကြွဘူး…။

သူ ဗျာယာခတ်ရတော့တယ်။

မိန်းမတွေခေါ် သားသမီးတွေကို ခေါ်ရင်း

အရပ်ကူပါ လူဝိုင်းပါ ဖြစ်ရတယ်။





www.burmeseclassic.com

www.burmeseclassic.com





ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတဲ့ အချင်းအရာပါပဲ...။

လူက နေပေမယ့် မျက်လုံးက မနေဘူး။

ကျွတ်ကျမတတ် ရပ်ကြည့်ရင်း...


ကျွန်တော်တို့မှာလည်း သိချင်စိတ်တွေ ဝေလို့ပေါ့...။

နောက်ဆုံးကျမှ...

"ဟော..."

"ဟာ..."

မထင်တာတွေ ဖြစ်လာပါတော့တယ်။







www.burmeseclassic.com

www.burmeseclassic.com



သူငါးမျှားချိတ်က ရေငုပ်သင်္ဘောခေါင်းတိုင်နဲ့ ငြိနေတာပါ။ သူတို့ အတင်းဆွဲမလို့ ရေငုပ်သင်္ဘောကြီးပါ ရေပေါ် ကြွလာရတယ်။

"မင်းတို့ ဘာလုပ်တာလဲကွ..."

ရေငုပ်သင်္ဘောထဲက လူတစ်ယောက်က ခေါင်းပြူထွက်ပြီး ဒေါသတကြီး အော်ပြောပါတယ်။

"ဘာလုပ်လို့လဲ..."

ငါးမျှားသူကြီးကလည်း ခပ်မာမာပြန်ဖြေတယ်။ သူလည်း စိတ်တိုနေတယ်။

"ဘာကိစ္စ ငါတို့သင်္ဘောကို နှောင့်ယှက်ရတာလဲ..."

"ငါတို့ဘာသာ ကုန်းပေါ်ကနေ ပြောင်ပြောင်တင်းတင်း ငါးမျှားနေတာ၊ မင်းတို့ဘာသာ ရေအောက်ကနေ ခိုးကြောင်ခိုးဝှက် လာရင်းဖြစ်တဲ့ကိစ္စ..."

ရေငုပ်သင်္ဘောထဲကလူက ဘယ်ကြေလည်ပါ့မလဲ...။

"ဘယ့်နှယ် အတင်းဆွဲမတာပဲ၊ မဆင်မခြင်..."

ငါးမျှားသူက မျက်လုံးပြူးကြီးနဲ့ ပြန်အော်တယ်။

"ဆင်ဆင်ခြင်ခြင် လုပ်တာမို့လို့ အတင်းဆွဲမတာပေါ့ကွ၊ ငါတို့က မိုဗီဒစ်ကို မိထားတယ် အောက်မေ့လို့..."





တဆက်တည်းမှာ သူ့မိန်းမကို လှည့်ပြောတယ်။

"ဒီနေ့ အဆင်မပြေဘူး...၊ ငါးလည်း မမျှားချင်တော့ဘူး၊ လာ...သွားကြမယ်"

မိန်းမနဲ့ကလေးတွေကို ခေါ်ပြီး သူ ထွက်သွားတယ်။ ရေငုပ်သင်္ဘောကလည်း နှုတ်ခမ်းကြီးစူပြီး ရေနက်ထဲကို ပြန်ဆင်းချသွားတယ်။ အဲဒါနဲ့ပဲ...

ကျွန်တော်တို့နှစ်ယောက်ထဲ အူကြောင်ကြောင် ကျန်ရစ်ခဲ့ကြတယ်။

"ကဲ...ဆက်သွားကြမလား..."

မိတ်ဆွေက ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ပါတယ်။

"ညောင်းတယ်ကွာ..."

"ဘာလဲ... နားမလို့လား..."

"အင်း...တစ်နေရာရာမှာ ခဏထိုင်ရအောင်"

လမ်းဘေးကခုံတန်းလျားတစ်ခုမှာ ကျွန်တော်တို့ ခဏဝင်ထိုင်ကြပါတယ်။ သူတို့ဒေသမှာ သူတို့သဘာဝအတိုင်း ပြုမူနေထိုင် ဖြစ်ပျက်သမျှကို အေးအေးဆေးဆေး ထိုင်ကြည့်နေလိုက်တယ်။






www.burmeseclassic.com

www.burmeseclassic.com






(၁၃)

ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com

ခပ်လှမ်းလှမ်းမှာ အမျိုးသမီး
ဝဝတစ်ဦး ပေါင်ချိန်နေတယ်။
ပေါင်ချိန်စက်က သူ့ အလေး
ချိန်ကို မခံနိုင်ဘူး၊ စစ်ကူခေါ်
တဲ့ သင်္ကေတကို ပြနေတယ်။
မိတ်ဆွေက···

"ဟော့ကောင်··· ဟိုမိန်းမကြီး
ပေါင်ချိန်နေတာ တစ်ခုခုတော့ မှား
ပြီထင်တယ်···။ ၅၀၅ ပေါင်
တောင် ဆိုပါလား···"

"ဟာ···မဟုတ်ပါဘူးဗျ၊ *SOS*
လို့ ပြနေတာပါ"

"*SOS* ဆိုတာ ဘာလဲ···"





"အန္တရာယ်ဖြစ်နေကြောင်း အချက်
ပြတာ၊ *Save our Soul* ဆိုတဲ့
စကားရဲ့ အတိုကောက်ဗျ။ ကျွန်ုပ်
တို့၏ ဝိညာဉ်များကို ကယ်စင်
ပါတဲ့···။ ရိုးရိုးပြောရရင်တော့
'ကယ်တော်မူကြပါ' ဆိုတဲ့ အဓိပ္ပာယ်
အသားပေါ့ဗျာ···"


"ဩော်ဩော်··· ပေါင်ချိန်စက်
ကလေး သနားပါတယ်"

အဲဒီလို ပြောဆိုနေကြရင်း
နံဘေးအိမ်က တဒုန်းဒုန်း
ထုသံ ကြားတယ်။
ဘာများလဲလို့ လှည့်ကြည့်မိ
ကြတယ်။


www.burmeseclassic.com

www.burmeseclassic.com









ပြတင်းပေါက်ကနေ *TV* ကြည့်နေတဲ့ လူတစ်ယောက်ရဲ့ အဆင်မပြေပုံကို တွေ့ရတယ်။

*TV* က အရုပ်မငြိမ်ဘူး၊ အဲဒါ ကြောင့် … သူ့ *TV* ကို ထုခေါက်နေတာ…။

ကိုယ့်ဘာသာကိုယ် လမ်းဘက်ကို မျက်နှာ ပြန်မူလိုက်ကြတယ်။ ဒါပေမယ့်…

"ဟေ့ကောင်…
မင်းက ဘာကောင်လဲ၊ ဘာလုပ်တာလဲ"

"ခင်ဗျာ…ကျွန်တော်…ဟို…"

ပြန်လှည့်ကြည့်လိုက်တော့၊ အဲဒီလူနဲ့ *TV* ထဲကအရုပ်နဲ့ ပြဿနာတက်နေကြတာကို တွေ့ရတယ်။



www.burmeseclassic.com







*TV*ထဲကအရုပ်ဟာ ထိမ်းမရ သိမ်းမရ ဒေါမာန်ကြွနေပါတယ်…။

"ငါ့မျက်မှန် ပြန်တပ်ပေး…"

သူ့မျက်မှန်ကို ဘယ်လိုပြန်တပ်ပေးရမလဲမသိ ဖြစ်နေတဲ့လူမှာ ဒုက္ခပေါ့…။

"ကပ်သီးကပ်သပ်ကွာ…"


သူတို့ရဲ့အဖြစ်ကို ကျွန်တော့်ရဲ့ မိတ်ဆွေက အဲဒီအတိုင်းပဲ မှတ်ချက်ချပါတယ်။ လမ်းမဆီကိုပဲ ပြန်ကြည့်ငေးနေလိုက်ကြတယ်။ တစ်နေရာမှာ လူတစ်ယောက်နဲ့ ခွေးလေးတစ်ကောင်၊ လူက သတင်းစာဖတ်နေတယ်။ ခွေးကလေးကတော့ ဟိုကြည့် ဒီကြည့်နဲ့၊ အဲဒီအချိန်မှာပဲ…



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com









ကလေးက သွားစပါတယ်…။ ခွေးက တအီးအီးငိုပါတယ်၊ ခွေးသခင်က သတင်းစာ ဆက်မဖတ်အားတော့ဘဲ သူ့ခွေးကို လှည့်မေးရတယ်။

"ဘာဖြစ်လို့လဲ…"

"အီး…ဟီးဟီးဟီး… ဟိုကောင်လေး ကျွန်တော့်ကို လျှာထုတ်ပြသွားတယ်…"

ကြောင် နှစ် ကောင် စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com









"လျှာထုတ်ပြတာလေးများကွာ… ဘာဖြစ်တာလိုက်လို့၊ မငိုနဲ့ တိတ်တိတ်…"

ဒါပေမယ့် ခွေးက ငိုမြဲငိုပါတယ်။ ချော့လို့မရဘူး…။

"ကျွန်တော် ရှက်တယ်၊
ဒါ…ကျွန်တော့်ကို စော်ကားသွားတာပဲ၊
"အီး…ဟီး…"

"လျှာထုတ်ပြတာလေးကိုများကွာ…"

"အီး…ဟီးဟီး…
လျှာထုတ်ပြတယ်ဆိုတာ သူ့ရဲ့အတွင်း အင်္ဂါကို လှပ်ပြတာပဲ…၊
ကျွန်တော် ရှက်တယ်…"

ခွေးရဲ့စကားကြောင့်
ခွေးသခင်တောင် ဇဝေဇဝါဖြစ်သွားတယ်။
ကျွန်တော်တို့ဘက်ကို လှမ်းကြည့်တော့ ကျွန်တော်တို့ဟာ မင်းမောင်းလေးတွေနဲ့ ငြိမ်လို့ပေါ့…။ စိတ်ထဲကတော့ ရယ်ချင်နေ တယ်။



www.burmeseclassic.com

အဲဒီအချိန်မှာပဲ မိတ်ဆွေက ထိုင်နေရာကနေ
ရုတ်ခနဲ ထတယ်။

''ကဲ...သွားကြရအောင်''

''ဘယ်သွားမှာလဲ...''

''ပြန်မယ်လေ...''

''ဩော်...ပြန်တော့မှာလား...၊
ဒါဖြင့်လည်း ပြီးရော...၊
ဒီလမ်းကြီးအတိုင်း ဆက်လျှောက်သွားကြရုံပါပဲ...''

အရုပ်မြို့တော်ရဲ့
အပြင်ဘက်ဆီ ဦးတည်ပြန်ထွက်ခဲ့ကြတယ်။
မြို့ပြင်ကောင်းကင်ဟာ ကြည်လင်လျက်ပါပဲ...။
မထင်ရှားလှတဲ့ တိမ်စက်တိမ်ပျောက် အုံ့မှုန်မှုန်လေးတွေကိုလည်း
မြင်ရတယ်။ ကောင်းကင်ပေါ်က ပြုတ်ကျလာနေတဲ့
ဟာသတစ်ကွက်ကိုလည်း တွေ့ရတယ်။
(ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်လုံး မရယ်ဖြစ်ကြပါဘူး)









www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အဖြူနဲ့အမည်းဆိုတာ သိပ်မခြားလှဘူးပဲနော်···"

သူ့စကားကို ကျွန်တော် ဘာမှ ပြန်မပြောဖြစ်ဘူး၊ တိတ်ဆိတ်ငြိမ်သက်နေမိတယ်။

အဲဒါဟာ အရုပ်မြို့တော်ထဲမှာ ကျွန်တော် နောက်ဆုံးကြားခဲ့ရတဲ့ စကားပါပဲ···။





(၁၄)

အခုတော့ ကျွန်တော် ကိုယ့်ဇာတိရပ်မြေကို ပြန်ရောက်နေပါပြီ။ ကျွန်တော်ရဲ့ မိတ်ဆွေကြီးကလည်း သူ့ရဲ့ ပြင်သစ်ကဇာတ်တွေကို မြို့ရွာအနှံ့မှာ လှည့်လည် တင်ဆက်နေပါတယ်။

ကျွန်တော်တို့ချင်းလည်း အေးအေးဆေးဆေး ပြန်မဆုံဖြစ်ကြသေးဘူး။

တစ်ခါတစ်ခါ··· အပေါင်းအဖော်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ထွေရာလေးပါး ပြောဆိုကြတဲ့ အခါမှာ 'အရုပ်မြို့တော်' ထဲက တွေ့ကြုံခဲ့ရတာတွေကို ကျွန်တော် ပြောပြဖြစ်ပါတယ်။ ကြားရသူတွေက စိတ်မဝင်စားသယောင် ဟန်ပြကြတယ်။

(တကယ်တော့ သူတို့စိတ်ဝင်စားကြပါတယ်)

မအံ့သြသလို နေကြတယ်။

(ကျွန်တော်...စိတ်မဆိုးပါဘူး)

တစ်ယောက်က ပြောတယ်...

"ဖရဲသီးကို ခွဲလို့ ဖရဲသီးကိုတွေ့တာ၊ အံ့သြစရာမှ မဟုတ်ဘဲ..."

ကျွန်တော် ရယ်နေလိုက်တယ်။ ဖရဲသီးကိုခွဲလို့ ဖရဲသီးကို တွေ့တာလဲ အံ့သြစရာပါပဲ...။ ကမ္ဘာ့သမိုင်းကို ပြောင်းလဲစေခဲ့တာလည်း လူတွေထဲက လူတွေပဲ မဟုတ်လား...။









www.burmeseclassic.com

www.burmeseclassic.com



အရုပ်မြို့တော်က ပြန်လာသူဖြစ်လို့ ကျွန်တော်ကတော့ အဲဒီသဘောတရားကို နားလည်ပါရဲ့…။ သူတို့ကတော့ ဘယ်နားလည်ပါ့မလဲ၊ "မသိ၍ဆို… မလို၍ပြော" တတ်တာ လူ့သဘာဝပါ။ ခွင့်လွှတ်ရမှာပါ။

ဘာပဲဖြစ်ဖြစ် အခြေအနေတွေပေးလာဦးမယ်ဆိုရင် အရုပ်မြို့တော်ထဲကို ကျွန်တော် နောက်တစ်ခေါက် ထပ်ဝင်ပါဦးမယ်…။ လိုက်ချင်သူတွေရှိရင် ခေါ်သွားဖို့ ဝန်မလေးပါဘူး။ မြေပုံထဲမှာမပါတဲ့လမ်းနဲ့ အဲဒီမြို့တော်ကို ကျွန်တော်တို့ နောက်တစ်ခေါက် ထပ်ပတ်ကြတာပေါ့…။

တ ာ ရ ာ မ င် း ဝေ

ကြောင် နှစ် ကောင် စာ အုပ် တိုက်

BURMESE CLASSIC .com

www.burmeseclassic.com